mgyoe.com
SAMPLE BOOK

# နေကြာပန်း
# ဝတ္ထုတိုများ ~ ၂



(ဘာသာပြန် ဝတ္ထုတိုများ)

mgyoe.com

mgyoe.com SAMPLE BOOK

နေဝင်းမြင့်၊ မိုးသက်ဟန်၊ တင်မောင်မြင့်၊ ဘိုဘိုဝင်း၊
မောင်ကြည်သစ်၊ ရှင်မင်းဖွေး၊ သစ်ဦးဇင်၊
နဒိလင်းသစ်(ဆေး-၂)၊ တော်ကောင်းမင်း၊ ကိုမို့ဦး(မြင်းခြံ)

ဥဒါန်းသစ် ဝတ္ထုတိုများ - ၂

7 758676 612494

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ်
၂၀၂၅၊ အောက်တိုဘာ
◆
မျက်နှာဖုံးပန်းချီ
ဇော်မောင်
◆
စာစီ
ရွှေနဒီ
◆
ဖလင်
Eagle
◆
အုပ်ရေ
၅၀၀
◆
တန်ဖိုး
၈၀၀၀ ကျပ်
◆
ထုတ်ဝေသူ
ဦးဝင်းချို (မှဝံစာအုပ်တိုက်) ၀၀၉၇၅၊ အမှတ် ၂၁၂၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
◆
မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ
ဦးသန်းဌေးဇော် (၀၀၁၀၁)၊ သိန်းသန်းဇော်ပုံနှိပ်တိုက်၊
၃၁ လမ်း(အောက်)၊ အမှတ် ၅၅ မြေညီ၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

mgyoe.com

mgyoe.com SAMPLE BOOK

# ဝတ္ထုတိုများ -၂

(ဘာသာပြန် ဝတ္ထုတိုများ)

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | | |
|---|---|---|---|
| ၁။ | စက်ရုံမြို့ | နေဝင်းမြင့် | ၇ |
| ၂။ | လူသေးသေးလေးများ | မိုးသက်ဟန် | ၁၇ |
| ၃။ | သူငယ်ချင်းအတွက် သွေးလှူခြင်း | တင်မောင်မြင့် | ၃၂ |
| ၄။ | လမ်းကြောင်း | ဘိုဘိုဝင်း | ၇၃ |
| ၅။ | ဥ | မောင်ကြည်သစ် | ၇၇ |
| ၆။ | တံတားပေါ်ကလူများ | ရှင်မင်းဖွေး | ၈၃ |
| ၇။ | တစ္ဆေသဘော်၏ နောက်ဆုံးခရီး | သစ်ဦးဇင် | ၉၇ |
| ၈။ | ဖူး | လူချို | ၁၀၇ |
| ၉။ | သမက် | နဒီလင်းသစ် | ၁၁၅ |
| ၁၀။ | ငှက်ပျောငါးအတွက် ရက်ရာဇာ | တော်ကောင်းမင်း | ၁၂၅ |
| ၁၁။ | ပန်းအချစ်နှင့် ပန်းသစ္စာ | ကိုမှိုဦး(မြင်းခြံ) | ၁၄၇ |


mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

# စက်ရုံမြို့

တစ်ရက်တော့ မြို့ကလေးရဲ့ အစွန်မှာ စက်ရုံကလေးတစ်ရုံ ပေါ်လာခဲ့တယ်။ မီးခိုးခေါင်းတိုင်က မီးခိုးမည်းမည်းတွေ အူထွက်လို့။

'ဘုရားရေ'

ရုတ်တရက်ကြီး သည်လို ပေါ်လာတော့ မြို့လူထုက အံ့သြသွားကြတယ်။

'မီးခိုးတွေ သည်လောက် ထွက်နေမှတော့ စက်ရုံထင်ပါရဲ့'

'ဟုတ်လောက်တယ်၊ နို့ ဘာလုပ်တဲ့ စက်ရုံများပါလိမ့်'

'ကျုပ်လဲ ဒါပဲ သိချင်တာ'

သည်လိုနဲ့ မြို့ခံလူတချို့က စက်ရုံကလေးနဲ့ နီးနီးအထိ ရောက်နိုင်သမျှ ရောက်အောင် သွားကြည့်ကြတယ်။ တစ်ယောက်က ခြံစည်းရိုး ပျဉ်ချပ်တွေထဲက တစ်ချပ်မှာ အဆန် ကျွတ်နေတဲ့ အမျက်ပေါက် တစ်ပေါက် တွေ့လို့ အတွင်းထဲကို ချောင်းကြည့်တယ်။

'ထုတ်ထုတ် ထုတ်ထုတ်နဲ့တော့ မြည်နေတာပဲ၊ ဘာများပါလိမ့်'

'စက်က မြည်တာ နေမှာပေါ့၊ စက်မည်းမည်းကြီးတစ်လုံး မောင်းထားလို့ မြည်တဲ့ အသံမျိုး၊ ဘာစက်များပါလိမ့်'



mgyoe.com

'ကျုပ် ကြည့်စမ်းပါဦးမယ်၊ ဟုတ်သဗျို့ စက်မှ စက်ပါကောဗျာ၊ ဘာရှိလိမ့်မလဲ၊ တော်တော်တော့ကြီးသား၊ နေဦး၊ လူ သုံးလေးယောက် အလုပ် လုပ်နေတာလဲ တွေ့တယ်'

'ဘယ်လို လူတွေလဲ'

'သုံးယောက်ဗျ၊ နည်းနည်း အသက်ကြီးကြီးက ဖအေ ဖြစ်လောက်တယ်၊ ခပ်ငယ်ငယ် နှစ်ယောက်က သားတွေနဲ့ တူပါရဲ့ မဟုတ်မှလွဲရော...'

'သားအဖ၊ မိသားစုတွေနေမှာ'

'လူတွေက အမဲဆီတွေမျှား လူးထားကြသလို မည်းသည်းနေတာဗျို့ တစ်ကိုယ်လုံး ကျပ်ခိုး စွဲနေတာသာ ကြည့်တော့၊ သည်မှာပဲနေကြပုံ ရတယ်'

'သူတို့က စက်ရုံတည်ပြီး ဘာတွေ ထုတ်လုပ်နေကြတာတုံး'

'ကျုပ်လဲ ဒါပဲ သိချင်တာ'

ဘယ်လိုပဲဖြစ်ဖြစ် မြို့စွန်မှာ ပေါ် လာတဲ့ သည်စက်ရုံရဲ့ သတင်းက လူသတင်း လူချင်းဆောင်ကြရာက တစ်မြို့လုံး ပျံ့သွားလေရဲ့။ ကုန်စုံဆိုင်တွေက ပြန်လာကြတဲ့ ကလေးမအေတွေ၊ ပန်းခြံထဲ အေးအေးလူလူ လမ်းသလားနေကြတဲ့ ဖအေတွေ၊ လက်ဖက်ရည်ဆိုင်မှာ တစ်ကျိုက်တစ်ငုံ သောက်နေကြတဲ့ သားသမီးတွေ အားလုံး လိုလိုပါပဲ။ သည်စက်ရုံအကြောင်းပဲ ထွင်ကြေး အမျိုးမျိုး ပေးနေကြတယ်။

'ဒန်အိုးတွေ၊ သတ္တုဒယ်အိုးတွေ လုပ်ကြတာနေမှာ၊ တခြား ဘာရှိလိမ့်မလဲ၊ ကျုပ်ကို မေးရင်တော့ ဒါပဲ ပြောရမှာပဲ၊ ကျုပ်တို့ မြို့ကလေးမှာ အိုးတွေ၊ ဒယ်စောက်တွေ ပါးရှားကုန်ကြပြီလေ၊ ခင်ဗျားလဲ သိသားပဲ၊ ဒါမျိုး တစ်စုံလောက်တော့ လိုကြတာပဲ မဟုတ်လား'

'ကျုပ်က တံစဉ်ကလေး၊ ပေါက်ပြားကလေးလောက် လိုတာပါ၊ ကျုပ်တို့ သုံးနေတာတွေက တဖြည်းဖြည်း လုံးပါး ပါးကုန်ကြပါပကော၊ ခင်ဗျားလဲ သည်လိုနေမှာပဲ'

'မဟုတ်လောက်ဘူးနော၊ သည်စက်ရုံက လူတွေ ပေါင်မုန့်ဖုတ်ကြတာ နေမှာရယ်၊ ကျုပ်တို့ မြို့ကလေးမှာ ပေါင်မုန့်ဖုတ်သမားတော့ ရှိပါရဲ့ အလျှဉ် မမီဘူးဗျ၊ ပေါင်မုန့်တစ်လုံး ထွက်ဖို့အရေး တယ်လေးသကိုး'

မြို့ခံ ပေါင်မုန့်ဖုတ်သမားက တစ်မျိုး ဆင်ခြင်တယ်။

'မဟုတ်တဲ့ စကား ပြောရောမယ်၊ ဘာပေါင်မုန့်မှ မထုတ်ဘူး၊ ကျုပ် စိတ်ထင် မီးသွေးလောင်စာတောင့် လုပ်ကြတာ နေမှာပါ၊ ပေါင်မုန့်ဖုတ်လို့ အဲသလောက်

mgyoe.com

မီးခိုး ထွက်စရာအကြောင်း မရှိဘူး၊ လောင်စာတောင့် ထုတ်လို့သာ မီးခိုးတွေ အလုံးလိုက် အလိပ်လိုက် ထွက်နေတာပေါ့'

မြို့ခံ မီးသွေးလောင့်စာတောင့် ထုတ်နေတဲ့ လူကလည်း သည်ထင်ကြေးကို လက်မခံဘူး။ သဘောမတူဘူး။

'ဘယ်ကလာ၊ လောင်စာတောင့် ထုတ်လို့ ထွက်တဲ့အနံ့မှ မဟုတ်ဘဲနဲ့၊ အုတ်ထုတ်တဲ့စက် နေမှာပါ။ သည်သားအဖတွေ အုတ်ဖုတ်ကြပုံ ပေါ်တယ်'

မြို့ခံ အုတ်ဖုတ်သမားက ချက်ချင်း ထအော်တာပါ။ မျက်နှာကြီးကလည်း ရဲလို့။

'အုတ်...ဝေးစွခြောက်ပါ။ ခင်ဗျားမို့ အံ့ပါရဲ့ အုတ်သာ ဖုတ်ရင် မိုးကြိုးတောင် ပစ်သွားလိမ့်မယ်၊ မဟုတ်လောက်ပါဘူး၊ တစ်ခုခုနေမှာပါ၊ ဖန်တွေ၊ မှန်တွေလို ပစ္စည်း နေမှာပါ၊ ပုလင်းတို့၊ ဖန်ခွက်တို့လို'

မြို့ကလေးမှာတော့ တစ်နေ့ တစ်နေ့ သည်စက်ရုံကလေးအကြောင်းပဲ စကားရောက်နေတော့တာပါ။ ခက်တာက ထင်ကြေးပဲရှိပြီး တကယ်တမ်း ဘယ်လို ကုန်ပစ္စည်း အမျိုးအစား ထုတ်နေတာပါလို့ ဘယ်သူကမှ ကောင်းကောင်းကန်းကန်း မပြောနိုင်ကြဘူး။ ဘာပစ္စည်း ထုတ်နေတယ် ပြောရအောင် အရိပ်အမြွက်တောင် မြင်ရတာ မဟုတ်တော့ ခက်သားပဲ။ ဒါဖြင့် ဘာထုတ်နေတာတဲ့လဲ။ ဘယ်သူမှ မပြောနိုင်ကြဘူး။ ချောင်းသာ ကြည့်ကြတာ၊ ထုတ်ကုန်ကို မြင်ကြရတာ မဟုတ်ဘူး။ မြင်ရသလောက် အလုပ်သမား သားအဖ သုံးယောက်ကလည်း အလုပ်တွေ လုပ်နေကြတာ ယားလို့ မကုတ်အားကြဘူး။ တစ်ချက်ကလေး မနားကြဘူး။ နည်းနည်းလေးမှ အရှိန်လျော့သွားတယ်လို့တောင် မရှိကြဘူး။ စက်ရုံ မီးခိုးခေါင်းတိုင်က မီးခိုးမည်းမည်းတွေ ဆိုတာလည်း အလုံးလိုက် အလုံးလိုက် ထွက်နေကြတုန်း။ လူတွေက ခြံစည်းရိုး ပျဉ်ချပ် မျက်ဆန်ကျွတ် အပေါက်ကလေးက ချောင်းကြည့်ကြတဲ့ အခါတိုင်း သားအဖ သုံးယောက်စလုံး ကျပ်ခိုးမှိုင်းခိုး ရိုက်ထားတဲ့ မျက်နှာမည်းကြီးတွေနဲ့ အလုပ် လုပ်နေကြတာပဲ တွေ့တယ်။ ဘယ်ပစ္စည်း ဘယ်ကုန် ထုတ်နေမှန်း မသိကြရဘူး။ အလုပ်တွေတော့ သဲကြီးမဲကြီး လုပ်နေကြပါရဲ့၊ စက်ရုံနား ကပ်ပြန်တော့လည်း စက်ခုတ်သံ တထုတ်ထုတ်ကို အဆက်မပြတ် ကြားရတာပဲ ရှိတယ်။

'သည်လူတွေ ဘယ်အချိန်များ အလုပ် နားကြတယ် မသိဘူး'

ခြံစည်းရိုးပေါက်က ချောင်းကြတိုင်း အံ့သြတကြီး ပြောကြတဲ့ စကားပါ။

'မကြုံဖူးပေါင် ဂုဏ်ထူးဆောင်ဆိုတဲ့ လူတွေဗျ'

mgyoe.com

mgyoe.com SAMPLE BOOK

'အလုပ်ကို အဲသလောက် ကျားစီးတက် ဖားစီးတက် လုပ်ကြတဲ့ လူမျိုး မကြုံဖူးဘူး'

'အိမ်က ကျုပ်သားကို အားကျစေချင်လို့ ပြောပြရမယ်'

တကယ်တမ်းတော့ သည်မြို့ကလေးက လူတွေ တစ်ဝမ်းတစ်ခါးအတွက် အလုပ်ကို ခါးကျိုးအောင် လုပ်စရာ မလိုတာလည်း ပါပါတယ်။ အားလုံး ဘယ်သူမှ ဒရောသောပါး မရှိကြဘူး။ အေးအေးဆေးဆေးပဲ ဆိုတဲ့ လူတွေကိုး။ လယ်ယာကိုင်းခင်းတွေမှာ သစ်စေ့သစ်နှံ ကြဲထားပြီးရင် အချိန်တန် ရိတ်သိမ်းရုံပဲ။ သစ်စေ့သစ်နှံက သူ့ဟာသူ ဖြစ်ထွန်းနေတာပဲ။ ပင်လယ်ထဲက ငါး ဆိုပါတော့။ သူတို့ စားနိုင်တာထက် ပိုထွက်နေတာ မဟုတ်လား။ အလုပ်ကိုသာ ကျားကုတ်ကျားခဲ လုပ်ကြရင် ဝင်ငွေများမယ်၊ စုစုဆောင်းဆောင်း ရှိမယ်ဆိုတဲ့ စိတ်လည်း ရှိခဲ့ကြတာ မဟုတ်ဘူး။

အဲသလိုလူတွေ ကြားထဲကို ဘာကုန်ပစ္စည်း ထုတ်လုပ်နေမှန်း မသိရတဲ့ စက်ရုံကလေး တစ်ရုံ ပေါ်လာတယ်လည်းဆိုရော မြို့ခံတွေရဲ့ စိတ်ကူးတွေ ပြောင်းစပြုလာခဲ့တယ်။ စက်ရုံ သေးသေးကလေးသာ ဆိုတယ်၊ အင်မတန် အားကောင်းတဲ့ မီးခိုးလုံးကြီးတွေ ထွက်ရလောက်အောင် လည်ပတ်နေတဲ့ စက်ရုံက လူတိုင်းရဲ့ စိတ်ကို နက်နက်ရှိုင်းရှိုင်းကြီး မွှေနှောက်ပစ်လိုက်တယ်။ သည်မြို့ကလေးကို တောင်ကုန်းပေါ်က ကြည့်ရင် သစ်ခင်း စိုက်ခင်း စိမ်းစိမ်းတွေကြားမှာ အိပ်ချင်မူးတူး ထွေးပိုက်ထားသလို မြင်ရလေ့ ရှိတယ်။ အခုတော့ လယ်ယာ ကွင်းပြင်ကြီးထဲကို ရေနွေးငွေ့မီးရထားကြီး တစ်စီး တဂျုတ်ဂျုတ် ခုတ်သံပေးရင်း တောင့်တောင့်ကြီး ဖြတ်မောင်းသွားသလို၊ အရာအားလုံးထဲမှာ စက်ရုံကလေးသာ မီးခိုး တလူလူနဲ့ သန့်စွမ်းနေသလိုကိုး။

'ကျုပ် ပြောတဲ့ ရဲကောင်းသန်မာ ဆိုတာ အဲဒါပဲ'

'ယောက်ျားဘသား ဆိုတာပေါ့၊ ကျုပ် ပြောပြောနေတာ'

စက်ရုံကလေးကို တောင်ကုန်းပေါ်က ကြည့်နေကြတဲ့ ကောင်လေးတွေ တစ်ယောက် တစ်ပေါက် ပြောနေကြတဲ့ စကားတွေပါ။ သည်အချိန်မှာ သူတို့ အဖေတွေ၊ အစ်မတွေက ကြက်ဥတွေ လိုက်သိမ်းနေကြတယ်။

'သည်စက်ရုံက မနက် ခုနစ်နာရီ ဆိုရင် စ လည်တာကော သိရဲ့လား'

'သိပ့ါကွာ၊ အလုပ် နားချိန်က ဆယ်မိနစ်လောက်တင်ရယ်'

'ညကြီးမိုးချုပ်တောင် မီးထွန်းပြီး လုပ်ကြသေးတာ'

mgyoe.com

mgyoe.com SAMPLE BOOK

သည်ကောင်လေးတွေ ကိုယ်တိုင် အားသွန်ခွန်စိုက် ရှိလာကြတယ်။ မနက်စောစော အိပ်ရာကထဖို့ဖြစ်လာကြတယ်။ နောက်ကျမှ အိပ်ရာဝင်ကြတယ်။ ဒါပေမဲ့ လုပ်ချင်စိတ် ရှိကြဦးတော့၊ သူတို့မှာ လုပ်စရာရယ်လို့ ထူးပြီး ရှိကြတာ မဟုတ်ဘူး။ သူတို့ လုပ်နိုင်တာ မြို့ကလေးကို ပတ်မယ်၊ နောက်ဆုံး စက်ရုံကလေးကို ကာထားတဲ့ ပျဉ်ချပ်စည်းရိုး ရှိရာဘက်ကို လာကြမယ်။ သစ်မျက်ဆန်ကွျတ် အပေါက်ကလေးက ချောင်းကြမယ်။ ဒါကိုပဲ ဆူလှယ်နဲ့ ချောင်းကြရင်း အားကျစိတ်နဲ့ သက်ပြင်းသက်မ ချကြတာပဲ ရှိတယ်။

'သည်လူတွေရဲ့ မျက်လုံးတွေ တောက်ပနေလိုက်ကြပုံများတော့'

'ချွေးတွေကကော... "စီးပလေ့စေ မောင်မသုတ်နဲ့" ဆိုတာမျိုး'

'လက်မောင်းကြီးတွေများ တူကြီးတွေ မထားတောင် လက်ထဲ ဘာမှ မပါကြသလိုပဲ'

ဘယ်လို ထုတ်ကုန်တွေ ထုတ်လုပ်နေတယ်ဆိုတာ အရိပ်အယောင်တောင် မမြင်ရပေမဲ့ စက်ရုံကလေးကတော့ နဂိုအတိုင်းပါပဲ။ လုပ်စရာရှိတာ လုပ်နေတာပါပဲ။ မီးခိုး ထွက်စရာရှိတာ ထွက်နေတာပါပဲ။

'တကယ် လုပ်နေကြတာဗျ၊ သူတို့ ဘာတွေပဲ ထုတ်လုပ် ထုတ်လုပ် ကျုပ်တော့ အားကျပါ့ဗျာ'

'အစစ်ပေါ့ဗျာ၊ စက်ကိုလဲ ကြည့်ဦးလေ'

မြို့ခံတွေကတော့ သည်စက်ရုံကလေးက ဘာတွေ ထုတ်လုပ်နေတယ် ဆိုတာ မသိကြတော့ ဟိုဟာထုတ်တာ နေမှာ၊ သည်ဟာထုတ်တာ နေမှာ စသည်ဖြင့် စိတ်ကူးနဲ့ ပုံဖော်နေကြရတုန်းပဲ။ ကြာတော့လည်း သည်စက်ရုံက ထုတ်တဲ့ ထုတ်ကုန် ဘာလဲဆိုတာ သိချင်စိတ်တွေ များလာကြတယ်။

စက်ရုံကလေးရဲ့ ခေါင်းတိုင်က မီးခိုး မည်းမည်းကြီးတွေဆိုတာ ကျိုလုံး၊ ပုတ်လုံးလောက် ပမာဏနဲ့ အဆက်မပြတ် အူထွက်နေတာကြောင့် တစ်ခါက မြို့ကလေးရဲ့ ကောင်းကင်ပြာပြာတောင် မီးခိုးမွဲရောင်၊ ခဲပုပ်ရောင် ပြောင်းသွားတဲ့ အထိပဲ။ တစ်နေ့ထက် တစ်နေ့ စက်ရုံ မီးခိုးတွေကြောင့် ကောင်းကင် တစ်ခွင်လုံး ချိပ်ရောင်၊ သံ့ရောင် ထနေကြပြီ ပြောပါတော့။

'သူတို့ ကိုယ်တိုင်လဲ ထိန်းနိုင်ကြပုံ မပေါ်ဘူး၊စက်ကလဲ ကြီးလွန်းတာကိုး'

'ငါ ထင်တာတော့ ရနိုင်သလောက် အချိန်ထဲ ကုန်ပစ္စည်းတွေ ဒီးတိုက် ထွက်အောင် အမောတကော ထုတ်နေကြပုံပဲ'

mgyoe.com

mgyoe.com SAMPLE BOOK

'တစ်ခုခုတော့ ကောင်းလို့ နေမှာပေါ့'

'အစစ်ပဲ'

တစ်ရက်မှာတော့ ကောင်လေးတွေထဲက တစ်ယောက် မနက်အစောကြီး နိုးလာခဲ့တယ်။ သူ မြင်လိုက်ရတဲ့ မြင်ကွင်းကြောင့် သူ အိမ်ရှေ့ကနေ ကျုံးအော်လေရဲ့။

'ဝေး ကြည့်ကြစမ်းပါဦး၊ စက်ရုံကလေးက ခေါင်းတိုင် နှစ်တိုင် ထူလိုက်ကြပါပကော'

သည်အော်သံကို ကြားကြသမျှ လူတွေအားလုံး မျက်လုံးတွေ ပွတ်ရင်း ထွက်ကြည့်ကြတယ်။ မြင်ကွင်းက တကယ့်ကို အားရစရာကိုး။ မနက် ဝေလီဝေလင်း ကောင်းကင်နောက်ခံနဲ့ ခေါင်းတိုင်ကြီး နှစ်တိုင်က စက်ရုံကလေးပေါ်မှာ မျှော်စင်ကြီးတွေလို ထိုးထွက်နေကြလေရဲ့။ ပိန်းပိန်းပိတ်အောင် သိပ်သည်းလှတဲ့ မီးခိုးတွေက ခါတိုင်းလို တစ်တန်းတည်း မဟုတ်တော့ဘူး။ ခေါင်းတိုင် နှစ်တိုင်၊ မီးခိုးတန်း နှစ်တန်း ဖြစ်သွားပြီ။ မီးခိုးတန်း နှစ်တန်းက မြို့ကလေးဘက်ကို လေးလေးပိပိ တအိအိ လူးလွန့်ကြရင်း လွင့်မျောကြလို့။ မီးခိုးမှိုင်းလုံးကြီးတွေထဲက ထုတ်လွှတ်နေတဲ့ မြူမှုန်၊ ပြာမှုန်၊ ကျပ်ခိုးမှုန် မည်းမည်းကလေးတွေက တလက်လက် အရောင်နဲ့ မြို့ကလေးပေါ် ကျနေကြတာများ လှ လှသေးတော့။

'လှလိုက်တာ.. ရက်စက်တယ်'

'သည်မီးခိုးတွေက ငါ့ စိတ်ခံစားမှုကို မြှင့်ပေးသလို ခံစားရတယ်'

'အေးကွ... ကြည့်ရတာ သူတို့ခများလဲ ထုတ်လုပ်မှု နောက်ဆုံးအဆင့် ရောက်ကြပုံ ပေါ်ပါတယ်၊ ဒါကြောင့် နောက်ထပ် ခေါင်းတိုင် တစ်တိုင် ထပ်ထူတာပေါ့၊ သူတို့ ကျိတ်ပြီး ထုတ်နေတဲ့ ကုန်ပစ္စည်းကို မြို့က ဘယ်လောက်တောင် တောင့်တနေကြတယ် ဆိုတာ သူတို့လဲ သိကြမှာပါ၊ ဒါကြောင့် ရနိုင်သမျှ အချိန်အတွင်း တွန်းလုပ်နေကြတာ နေမှာ'

'ဘာတွေ ထွက်လာမလဲ မသိဘူး'

'တစ်ခုခု ထူးခြားတာ နေမှာပေါ့၊ တို့အားလုံးအတွက် တကယ် အသုံးတည့်လောက်တာ နေမှာပေါ့'

'မင်း ပြောတာ ဟုတ်လောက်တယ်'

စက်ရုံခေါင်းတိုင် နှစ်တိုင်က ထွက်နေကြတဲ့ မီးခိုးတန်းကြီး နှစ်တန်းကတော့

mgyoe.com

mgyoe.com SAMPLE BOOK

မည်းမည်းလူပ်အောင် နေ့စဉ်နဲ့အမျှ အူထွက်နေကြတာပါပဲ။ သည်လိုနဲ့ ကောင်းကင် မီးခိုးလုံးကြီးတွေဆီက တမျှဉ်းမျှဉ်း ကျဆင်းနေကြတဲ့ ပြာမှုန်တွေ များလာတာနဲ့အမျှ မြို့လူထုတွေခမျာ ပါးစပ်တောင် ရဲရဲ မဟနိုင်ကြတော့ဘူး။ ပါးစပ်တွေ ဖွင့်ပြီး ကြာကြာ မသွားနိုင်ကြတော့ဘူး။ လေထဲမှာ ဝေ့ဝဲနေကြတဲ့ ပြာမှုန်တွေကြောင့် ချောင်းဧတွေ တဲရစပ် ဆိုးလာကြတယ်။ ချောင်းဆိုးရဖန် များလာတော့ လည်ချောင်း တွေ မခံနိုင်အောင် နာလာကြတယ်။ လျှော်ဖွပ်ပြီး လှန်းထားတဲ့ အဝတ်တွေပေါ် မှာလည်း ပြာမှုန်တွေပါပဲ။ လူ့ မျက်နှာတွေမှာလည်း မထူးဘူး။ မျက်နှာမှုန်သမျှ ကျပ်ခိုး စွဲကုန်ကြပြီ။ ပြာအလူးလူး ဖြစ်ကုန်ကြပြီ။ ဘာပဲဖြစ်ဖြစ် သည်အချိန်အထိ လည်း လူတွေက အောင့်အည်း သည်းခံနေကြတုန်းပဲ။ သည်စက်ရုံကလေးက ထွက်လာမယ့် ကုန်ပစ္စည်းတွေဟာ မြို့ကလေးအတွက် တစ်စုံတစ်ရာ အကျိုးရှိနိုင် လေတော့ သည်ဒဏ်လောက်ကို ရင်စည်းခံကြတယ်။

သည်လိုနဲ့ တစ်ရက်မှာတော့ သည်လိုသာ သွားနေရင် ရေရှည်မှာ သည်အခြေ အနေကို လက်ခံဖို့ ခက်ကြရောမယ်လို့ တွေးမိလာခဲ့ကြတယ်။ သည်လို သည်ပုံတော့ ဆိုက်ကုန်ကြပြီ ဆိုတာ မြို့တော်ဝန်ကို အသိပေးမှ ကောင်းမယ်လို့ သဘောပေါက် လာကြတယ်။ မြို့တော်ဝန်ကို သွားတွေ့ကြတယ်။

'မြို့တော်ဝန်ခင်ဗျား... ကျွန်တော်တို့ ရှေ့ဆက် ဘာလုပ်ကြရင် ကောင်းမလဲ ဆိုတာ ခေါင်းထဲ ထည့်လာကြရပါပြီ၊ စက်ရုံက ထွက်နေတဲ့ မီးခိုးတွေက တော်တော် ကို အခြေအနေ ဆိုးရွားလာနေပါပြီ၊ တစ်ဖက်ကလဲ အလုပ်ကို အားသွန်ခွန်စိုက် လုပ်နေကြသူတွေကို ကျွန်တော်တို့ အနေနဲ့ အမုန်းမခံချင်ကြသလို၊ ပြောဖို့ကျတော့ လဲ ခက်နေကြရတယ်၊ ဒါပေမဲ့ ဖြစ်စေချင်တာက သူတို့စက်ရုံက ဘာတွေတော့ဖြင့် ထုတ်လုပ်နေပါတယ်၊ ဘယ်လို ထုတ်ကုန်ပါ၊ ဘာတွေ ထွက်လာဖို့ ရှိပါတယ် ဆိုတာ လောက်တော့ အနည်းဆုံး ပြောသင့်ပါတယ်၊ စကားအရာအားဖြင့် လောက်တော့ ကျွန်တော်တို့ မြို့လူထုကို ချပြသင့်ပါတယ်၊ ကျွန်တော်တို့ အခု လာတာ အဲဒါလေး သိချင်နေကြလို့ပါ'

'ခင်ဗျားတို့ဘက်က တင်ပြတာကို ကျွန်တော် သဘောပေါက်ပါပြီ၊ သူတို့ ထုတ် လုပ်နေတဲ့ ပစ္စည်းက မြို့အတွက် အကျိုးရှိတာမျိုး ဆိုရင်တော့လဲ နည်းနည်းပါးပါး အောင့်စရာရှိတာ အောင့်ထားကြရမှာပေါ့၊ သိစရာရှိတာ သိထားရမှာပေါ့၊ ကောင်းပြီ လေ... သူတို့ဘက်က ဘာပြောလာမလဲ နားထောင်ကြသေးတာပေါ့'

mgyoe.com

mgyoe.com SAMPLE BOOK

မြို့လူထု အားလုံးပါပဲ၊ မြို့တော်ဝန်နဲ့အတူ စက်ရုံဘက်ကို တစ်အုပ်တစ်မကြီး ထွက်လာခဲ့ကြတယ်။ ချောင်းတွေကို ရင်ခေါင်းသံပါအောင် ဆိုးကြရင်း သူတို့ ကိုယ်ခန္ဓာပေါ် တသဲသဲ ကျဆင်းနေတဲ့ ပြာမှုန်တွေကို သပ်ချကြရင်း ချီတက်လာကြတာပါ။ သည်လိုနဲ့ စက်ရုံဝကို ရောက်လာကြတယ်။

'စက်ရုံမှူးကြီး... စက်ရုံမှူးကြီး'

အလုပ်တွေကို မနားတမ်း ဒီးတိုက်အောင် လုပ်နေတဲ့ စက်ရုံမှူးကြီး ကိုယ်တိုင် မီးခိုးမှုန်တွေ ပေပွနေတဲ့ မျက်နှာနဲ့ ပြုံးပြုံးကြီး ထွက်လာတယ်။

'အလို... မြို့တော်ဝန် ကိုယ်တိုင် ကြွလာတာပါကော ခင်ဗျာ၊ မြို့ကလူတွေလဲ ပါကြသကိုး၊ ဘာကိစ္စများပါလိမ့်၊ သိစမ်းပါရစေ'

'သည်လိုပါ စက်ရုံမှူးကြီး၊ ဟောသည်က မြို့လူထု အားလုံးရဲ့ဆန္ဒအားဖြင့်ပေါ့ လေ၊ သူတို့အနေနဲ့ ခင်ဗျားတို့ စက်ရုံဏ ဘာတွေတော့ဖြင့် ထုတ်လုပ်နေပါတယ်၊ ဘယ်တော့လောက်ဖြင့် ကုန်ပစ္စည်းတွေ ထွက်မယ် စသဖြင့် အင်မတန် သိချင်နေကြပါတယ်၊ အဲဒါ...'

'ဩော်... သည်ကိစ္စလား၊ ပြောရ ရင် ကျွန်တော့်မှာ သတင်းကောင်း ရှိပါတယ်၊ နောက်ဆုံးပေါ့လေ၊ အားလုံးလဲ အဆင်သင့် ဖြစ်နေပါပြီ'

'ဟုတ်ကဲ့လား... ဒါဆိုရင်...'

'ဟုတ်ပါတယ်၊ ကိုင်းပါလေ... စက်ရုံထဲ ကြွခဲ့ကြပါ၊ ကျွန်တော် ပြစမ်းပါရစေ၊ ခင်ဗျားတို့အားလုံး ကျေကျေနပ်နပ်ကြီး စိတ်ချမ်းသာရပါစေ့မယ်'

မြို့တော်ဝန်နဲ့ မြို့ခံတွေ အားလုံး စက်ရုံမှူး ခေါ်ရာနောက်ကို ဝမ်းသာအားရ လိုက်သွားကြတယ်။ စက်ရုံမှူးရဲ့ သားနှစ်ယောက်ကလည်း ထွက်ကြိုကြတယ်။ သူတို့ မျက်နှာတွေကလည်း ပြုံးကြလို့။

'လောလောဆယ် ဒါလေးကို ကြည့်ကြပါ'

စက်ရုံမှူးက ပြောင်လက်နေတဲ့ စက်ကလေး တစ်လုံးကို ပြတယ်။ သည်စက်ကလေးက ခါတိုင်း သူတို့ ချောင်းကြည့်လို့ မြင်ရတဲ့ ဧရာမစက်ကြီး တစ်လုံးရဲ့ ကပ်လျက်မှာ ရှိနေတာပါ။ အပြင်က ကြည့်ရင် မမြင်ရဘူး။ ပုလဲလုံးကလေးတွေလို အရည်ခဲကလေးတွေ စက်ရဲ့ တစ်ဖက်က အဆက်မပြတ် ထွက်နေပြီး၊ တစ်ဖက်က ခံထားတဲ့ ကတော့ခွက်ထဲ ကျနေတာ မြင်နေကြရတယ်။ စက်ရုံမှူးက အခဲကလေး တစ်လုံးကို ကောက်ယူလိုက်တယ်။ မြို့တော်ဝန်ရဲ့ လက်ဖဝါးထဲ ထည့်ပေးတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

'အလို... ဘာများပါလိမ့်'

'ကဲပါလေ... မြို့တော်ဝန်ကြီးရဲ့ ပါးစပ်ထဲသာ ပက်သွင်းလိုက်ပါ၊ ချောင်းဆိုးပျောက်ဆေးခဲကလေးပါ'

'ချောင်းဆိုးပျောက်ဆေးခဲ... ဟုတ်ကဲ့လား'

သည်စကား ကြားရင်ပဲ မြို့လူထုက သူတို့ကိုယ်တိုင် အသက်ဝဝ ရှူလို့မရအောင် ချောင်းတွေ ဆိုးနေကြတဲ့ကြားက ဝေါခနဲ အသံပြုရင်း ဩဘာပေးကြတယ်။ ပြီးတော့လည်း ဆိုးလက်စ ချောင်းကို ပြင်းပြင်းထန်ထန်ကြီး ပြန်ဆိုးနေကြပြန်ရဲ့။

'အမှန်ပါပဲ ခင်ဗျား၊ ကြွရောက်လာကြတဲ့ ဂုဏ်သရေရှိ အမျိုးသမီးများနဲ့ လူကြီးလူကောင်းများ သိစေချင်တာကတော့ ကျွန်တော်တို့ စက်ရုံက ထုတ်လုပ်နေတာသည် ချောင်းဆိုးပျောက်ဆေးခဲကလေးတွေပါပဲ၊ ဈေးကတော့ အတန်ငယ်ကြီးတယ်ဆိုပေသော်လဲ ဆေး အလိုတော့ အင်မတန် ထိရောက်တဲ့ ဆေးကိုး ခင်ဗျ'

'မဟာဩသဓဆေးကြီးပါလား ဗျာ'

'ဟုတ်ပ့ါ ခင်ဗျား၊ နတ်ကလဲ အခိုက် ဓာတ်ကလဲ အကြိုက် ဆိုတာလိုပဲ၊ လက်ငင်း လိုအပ်ချက်နဲ့ ကိုက်ညီအောင် ထုတ်လုပ်နေတဲ့ သဘောပဲလို့ ဆိုကြပါစို့'

'ကိုင်းပါလေ... သည်ဆေးကလေး သောက်လိုက်ပါဦးမယ်'

မြို့ခံတွေ အားလုံးကလည်း မျက်နှာကြီး ပြုံးထားတဲ့ စက်ရုံမှူးနဲ့ သားနှစ်ယောက်ဆီက ဆေးခဲကလေးတွေ ဝယ်ကြတယ်။ နေရာမှာပဲ ချက်ချင်း သောက်ကြတယ်။ မြို့တော်ဝန်ကတော့ သူကိုယ်တိုင် သိချင်စိတ်ပြင်းတဲ့ မေးခွန်းတစ်ခွန်း မေးတယ်။

'တစ်ဆိတ် သိစမ်းပါရစေ၊ စက်ရုံမှူးကြီးတို့ရဲ့ သည်စက် သေးသေးကလေးက ချောင်းဆိုးပျောက် ဆေးခဲကလေးတွေ ထုတ်လုပ်နေတာတော့ နားလည်ပါပြီ၊ ဟောသည် စက်အကြီးကြီးကကော ဘာတွေများ ထုတ်လုပ်နေသလဲ သိချင်တာပါ'

မြို့တော်ဝန်က မြို့သူမြို့သားတွေ စက်ရုံ ခြံစည်းရိုးပေါက်က ချောင်းကြည့်တိုင်း မြင်ရလေ့ရှိတဲ့ စက်အကြီးကြီးကို ပြရင်းမေးလိုက်တာပါ။ဆက်ပြောတယ်။

'သည်လိုလေ စက်ရုံမှူးကြီးရဲ့ စက်ရုံမှာက ခေါင်းတိုင်ကြီး နှစ်တိုင် မားမားကြီး ထူထားတာ ဆိုတော့ သည်စက်ကြီးက တစ်ခုခု ပိုကောင်းတာများ ထုတ်လုပ်နေတဲ့ သဘောလား သိချင်တာပါ'

'ြော် သည်စက်ကြီးကို ပြောတာလား၊ သည်စက်ကြီးနဲ့ ဘာမှ မထုတ်ပါဘူး'

'ဘယ်လိုပါလိမ့်၊ ဘာမှ မထုတ်ဘူး ဟုတ်ကဲ့လား'

mgyoe.com

mgyoe.com SAMPLE BOOK

'မထုတ်ဘူး ခင်ဗျ၊ သည်စက်ကြီးက မီးခိုးချည်းသက်သက်က လွဲလို့ ဘာမှ မထွက်ဘူး၊ ခင်ဗျားတို့လဲ သိသားပဲ၊ ဒုတိယခေါင်းတိုင် ထူနေရတာကိုက အချိန်အတော်ပေးလိုက်ရတယ်လေ၊ အခုတော့ စက်ကြီးက မီးခိုး စထုတ် နိုင်ပါပြီ၊ သည်လိုလေ ခေါင်းတိုင် တစ်လုံးတည်းက ထွက်တဲ့ မီးခိုးထက်စာရင် ခေါင်းတိုင် နှစ်လုံးက ထွက်တဲ့ မီးခိုးက ပိုများမှာကိုး ခင်ဗျ'

နေဝင်းမြင့်

*[Betsuyaku Minoru ၏ Factory Town ကို ဘာသာ ပြန်သည်။]*

●

mgyoe.com

mgyoe.com SAMPLE BOOK

## လူသေးသေးလေးများ

ကျွန်မ အသက်ကိုးနှစ်အရွယ်မှာ နတ်သူငယ်တွေဟာ ကျွန်မတို့နဲ့ အတူနေဖို့ ရောက်လာခဲ့တယ်။ သူတို့တွေဟာ အရမ်းကို ဆူညံတဲ့ သတ္တဝါတွေပါပဲ။ မျက်နှာကြက်မှာ ရှိတဲ့ ခရစ်တော် မီးရှူးဖွားမြင်မှုကို သရုပ်ဖော်ထားတဲ့ ပုခက်ကို သူတို့တွေက ဆူဆူညံညံ ဆောင့်နင်းကြတာကို ကျွန်မတို့ ကြားရတယ်။ မနက်ကနေ ညအထိ သူတို့တွေရဲ့ ဆူညံသံကို ကျွန်မတို့ ကြားရပါတယ်။ ကျွန်မတို့ကို တစ်ညလုံး အိပ်မရအောင် သူတို့ လုပ်ကြပါတယ်။

မခံမရပ်နိုင်အောင်ဖြစ်တဲ့ တစ်ညမှာတော့ ဖေဖေဟာ သတ္တိ မွေးပြီး အော်ပြောလိုက်ပါတယ်။ 'တစ်ဆိတ်လောက်ဗျို့' လို့ သူ ပြောလိုက်တယ်။ 'ကျုပ်တို့မိသားစု အိပ်ချင်သေးတယ်ဗျာ။ ကျေးဇူးပြုပြီး တိတ်ပေးပါ၊ မနက်ကျမှ ပြန်ဆူကြပေါ့' ဖေဖေ့ရဲ့ရဲရင့်မှုကို နတ်သူငယ်တွေ ဘယ်လို တုံ့ပြန်မလဲဆိုတာ မသိနိုင်တာကြောင့်ဖေဖေ့ကို တားဖို့ ကျွန်မတို့ ကြိုးစားခဲ့ပါသေးတယ်။

ရုတ်တရက် တစ်အိမ်လုံး တိတ်ဆိတ်သွားတာကြောင့် ကျွန်မတို့ တစ်မိသားစုလုံး ကြောက်လန့်သွားခဲ့ရပါတယ်။ နတ်သူငယ်တွေဆီက ထုနက်တဲ့ အသံတွေ၊ ဆောင့်နင်းတဲ့အသံတွေ ထွက်မလာတော့ပါဘူး။ ဖေဖေ ဘဝင်ခိုက်နေတဲ့ ပုံကို ကျွန်မတို့ မြင်လိုက်ရပါတယ်။ ကျွန်မတို့ တစ်ညလုံး မလုံမလဲ ဖြစ်ရတာပေါ့။ အနားရတဲ့ အတွက်တော့ ကျေးဇူးတင်ရပါတယ်။

---

*ဥဒါန်းသစ် စာပေမဂ္ဂဇင်း၊ အမှတ် (၁)*

mgyoe.com

mgyoe.com SAMPLE BOOK

မနက် ခြောက်နာရီ မထိုးခင်လေးမှာ ညတုန်းက ဘဝင်ခိုက်နေတဲ့ဖေဖေ့ မျက်နှာဟာ ဒေါသရိပ်တွေ သန်းလာခဲ့ပါတယ်။ ထုထောင်းတဲ့ အသံတွေ ပြန်ထွက်ပေါ်လာပါတယ်။ ဒီတစ်ကြိမ်မှာတော့ ပိုလို့တောင် ကျယ်လောင်ပါသေးတယ်။ ကျွန်မတို့ မတ်တတ်ထပြီး နတ်သူငယ်တွေကို စကားပြောဖို့ ကြိုးစားကြပေမဲ့ တုံ့ပြန်မှု မရခဲ့ပါဘူး။ ထုထောင်းတဲ့ အသံဟာ တစ်နေ့လုံး၊ တစ်ညလုံး ရှိနေခဲ့ပြီး ညဆယ့်တစ်နာရီအရောက်မှာ ရပ်တန့်သွားခဲ့ပါတယ်။ နောက်နေ့မနက် ခြောက်နာရီဒေါင်ခနဲမှာ ဆူညံသံတွေ ပြန်စတင်ပါတယ်။

သနားစရာကောင်းတဲ့ ကျွန်မတို့ မိသားစု ဘာများ တတ်နိုင်မှာလဲ။

မဖိတ်ခေါ်ဘဲ ရောက်လာတဲ့ အိမ်နေ အဖော်တွေကို ရှင်းထုတ်ပစ်ဖို့ ဖေဖေဟာ နတ်ဆရာမကို ပင့်ဖို့ ကြိုးစားပါတယ်။ ဒါပေမဲ့ နတ်ဆရာမက နောက်တစ်ပတ်ကုန်တဲ့အထိ ရက်ချိန်း ပြည့်နေပါတယ်။ ဒီအတောအတွင်းမှာ နတ်သူငယ်တွေဟာ ကျွန်မတို့ရဲ့ နှိုးစက် ဖြစ်နေခဲ့ပါတယ်။ သူတို့ ဆူညံသံတွေ စတင်ပြီဆိုတာနဲ့ ကျွန်မတို့ အိပ်ရာကထပြီး တာဝန်ကျ အလုပ်တွေ စလုပ်ပါတယ်။ ဖေဖေက ဟင်း စချက်တယ်။ ကျွန်မက စားပွဲခင်းတယ်။ မေမေက ထမင်းကြော်စည်း လှည်းတယ်။ တစ်အိမ်လုံး အလုပ်လုပ်ကြပါတယ်။ ကျွန်မရဲ့ အစ်မနဲ့ ဝမ်းကွဲအစ်ကိုက သစ်ပင်တွေ ရေလောင်းတယ်။ ကျွန်မရဲ့ မောင်လေးက သူ့စာအုပ်တွေထဲမှာ ဆေးရောင်ခြယ်ပါတယ်။ (ကျွန်မတို့တွေဟာ မောင်လေးကို အလုပ် မခိုင်းချင်ကြပါဘူး။ သူက အသက် လေးနှစ်ပဲ ရှိပါသေးတယ်။)

တစ်ပတ် ကြာပြီးတဲ့နောက် ကျွန်မတို့အိမ်ကို နတ်ဆရာမ ရောက်လာပါတယ်။ နတ်ဆရာမဟာ ကျွန်မတို့အိမ်မှာ တစ်ညနဲ့ တစ်မနက် နေခဲ့ပါတယ်။ နတ်သူငယ်တွေကို နောက်ထပ် အနှောင့်အယှက် ဘယ်တော့မှ သွားမပေးနဲ့လို့ နတ်ဆရာမက ကျွန်မတို့ကို ပြောပါတယ်။ နတ်သူငယ်တွေဟာ ကျွန်မတို့ရဲ့ ဘဝထဲမှာ တစ်စိတ်တစ်ဒေသအဖြစ် ရှိနှင့်နေပြီလို့ သူမက ပြောပါတယ်။ နတ်သူငယ်တွေရဲ့ ခေါင်းဆောင်ဖြစ်တဲ့ ပရက်စ်က သူတို့ မိသားစုဟာ ဒီအိမ်ကနေ ထွက်သွားဖို့ အစီအစဉ် လုံးဝမရှိတဲ့အကြောင်း နတ်ဆရာမကို ပြောခဲ့ပါတယ်။ သူတို့က ဒီအတိုင်း ရှိနေတာကို သဘောကျပါတယ် တဲ့။

တဖြည်းဖြည်းနဲ့ ကျွန်မတို့ဟာ နတ်သူငယ်တွေနဲ့ ယှဉ်တွဲ နေထိုင်ရတာကို အသားကျလာခဲ့ပါတယ်။ သူတို့က ကျွန်မတို့ကို မနက်ခြောက် နာရီမှာ အိပ်ရာနှိုးပြီး ညဆယ့်တစ်နာရီမှာ အိပ်ရာ ဝင်စေပါတယ်။ သူတို့ရဲ့ နှိုးစက် ဝန်ဆောင်မှုအတွက်

mgyoe.com

mgyoe.com

ကျွန်မတို့က အစားအသောက်တွေကို စားပွဲပေါ်မှာ တင်ထားခဲ့ရပါတယ်။ မနက်ရောက်တဲ့အချိန်မှာတော့ စားပွဲပေါ်မှာ အစားအသောက်တွေ မရှိတော့ဘဲ စားပွဲဟာ ရှင်းလင်းနေပါတယ်။

ခြုံငုံ ပြောရရင်တော့ အလွန် ကောင်းမွန်တဲ့ ဆက်ဆံရေးပါပဲ။

သူတို့ရဲ့ရောက်လာပြီး သုံးပတ်အကြာ၊ မေလရဲ့ ပထမဆုံး ရက်သတ္တပတ်မှာ သူတို့အဖွဲ့ရဲ့ ခေါင်းဆောင်နဲ့ အသက် အကြီးဆုံးဖြစ်သူ ပရက်စ်နဲ့ ကျွန်မ ဆုံတွေ့ခဲ့ပါတယ်။ ပြောရရင် မတော်တဆ တွေ့ဆုံတာပါ။ ခြံထဲက သရက်ပင်ပေါ် ကျွန်မ တက်နေတုန်း သစ်ကိုင်းတစ်ကိုင်း ကျိုးကျခဲ့ပါတယ်။ ကျွန်မ ပြုတ်ကျပြီး ခြေချင်းဝတ် ကျိုးသွားခဲ့ပါတယ်။ နာကျင်လွန်းအားကြီးလို့ ကျွန်မ ထုံနေခဲ့ပါတယ်။ ကျွန်မရဲ့ ခြေချင်းဝတ်ကို ကြည့်တော့ ပြာနှမ်းနေပါပြီ။ ကျွန်မ နေရာရွှေ့လို့ မရသလို၊ ငိုလို့လည်း မရပါဘူး။ နာနေတာကို မေ့သွားအောင် ကျွန်မ အိပ်ဖို့ လုပ်ပါတယ်။ ကျွန်မ သတိရှိရှိနဲ့ နောက်ဆုံး တွေးမိတဲ့အတွေးက မြေကြီးက အေးလွန်းလို့ အိပ်ဖို့ မဖြစ်နိုင်ဘူး ဆိုတာပါပဲ။

ကျွန်မ့ ခြေထောက်ကို လက်တစ်ဖက်က လာထိတာကြောင့် ကျွန်မ အိပ်ရာကနေ နိုးထလာခဲ့ပါတယ်။ လက်က တစ်ယောက်ယောက်ရဲ့လက်၊ လူသားလက်တော့ မဟုတ်ဘူး။ လက်ကနေ ပူနွေးမှုတွေ ဖြာထွက်နေပြီး ကျွန်မရဲ့ အရိုးတွေထဲ စိမ့်ဝင်သွားတယ်လို့ ကျွန်မ ခံစားရတယ်။ သူ့လက်က သေးငယ်ပြီး အရေးအကြောင်း တွန့်တွန့်တွေနဲ့၊ ဆီးသီးခြောက်လို ခံစားရပါတယ်။

သိချင်စိတ်တွေ ဖြစ်နေပေမဲ့ ကျွန်မ မျက်လုံးတွေ မှိတ်ထားဆဲပါ။ မျက်နှာရှည်ရှည်၊ သွားချွန်ချွန်တွေနဲ့ အကျည်းတန်ပြီး ပုံပျက်ဆင်းပျက် ဖြစ်နေမယ့် မျက်နှာကို ကျွန်မ မြင်ယောင် ကြည့်မိပါတယ်။ ကျွန်မမျက်လုံးတွေ ဖွင့်လိုက်ရင် သူ ပျောက်ကွယ်သွားမှာလား။ ဒါမှမဟုတ် သူ ကျွန်မကို ကိုက်စားမှာလား။ ကျွန်မ အိပ်ပျော်နေချင်ယောင် ဆောင်နေလိုက်ပါတယ်။

မိနစ် တော်တော်ကြာလာတဲ့နောက် ကျွန်မ ဟန်ဆောင် မနေနိုင်တော့ဘူး။ သိချင်လွန်းတာကြောင့် ကျွန်မ မလှုပ်မယှက် နေနေလိုက်တယ်။ ကျွန်မ မျက်လုံးတွေ ဖွင့်ကြည့်လိုက်တော့ ကျွန်မ မျှော်လင့်ထားတဲ့ ကြောက်လန့်စရာ မြင်ကွင်း ရှိမနေပါဘူး။ အဲဒီအစား အခန်းထဲမှာ လူကောင် အသေးဆုံးဖြစ်တဲ့ ကျွန်မထက် တောင် အရပ်ပုတဲ့ အသက်ကြီးကြီး အရေးအကြောင်းတွေနဲ့ သက်ရှိ တစ်ယောက် ရှိနေပါတယ်။ သူဟာ ကျွန်မသိသမျှ အဝတ်အစားတွေနဲ့ မတူတဲ့ တစ်ကိုယ်လုံး

mgyoe.com

mgyoe.com SAMPLE BOOK

ခြုံလွှမ်းထားတဲ့ ဝတ်ရုံကို ဝတ်ဆင်ထားပါတယ်။ အင်္ကျီရဲ့ အသားက အစိမ်းရောင် သစ်ရွက်တွေနဲ့ မြေကြီးကို ရောနှောထားသလိုပါပဲ။ ဝတ်ရုံဟာ သူ့ရဲ့အရေပြား မှာကပ်ငြိနေပြီး ကိုယ်ပိုင် အသက်ရှိသလို လှုပ်ရှားလွန့်နေပါတယ်။ အရောင်ရင့်ရင့်က နေ အရောင်ဖျော့ဖျော့အဖြစ်၊ အနက်ရောင်ကနေ အညိုဖျော့နဲ့ အစိမ်း အဖြစ် တောက်လျှောက် အရောင်ပြောင်းလို့ နေပါတယ်။ ကြည့်ရတာ စွဲဆောင်မှု ရှိပါ တယ်။ ကျွန်မဟာ နတ်သူငယ်အပေါ် အံ့သြ လေးစားမှုတွေ ဖြစ်လို့နေပါတယ်။

သူ့ရဲ့လက်တွေက ကျွမ်းကျင်ပါတယ်။ ကျွန်မရဲ့ ခြေချင်းဝတ် သက်သာလာ ပါတယ်။ သူက ခြေချင်းဝတ်ကို အနံ့အသက် ကောင်းမွန်တဲ့ လိမ်းဆေး တစ်မျိုးနဲ့ နှိပ်နယ်ပေးနေတာ ဖြစ်ပါတယ်။ ကျွန်မ အနံ့ရှူနေတာ မရပ်လိုက်ခင်အထိ ကျွန်မ ဟာ လိမ်းဆေးရဲ့ အနံ့ကို အဆုတ်ထဲ နက်နက်ရှိုင်းရှိုင်း ဝင်သွားတဲ့အထိ ရှူသွင်း လိုက်ပါတယ်။ ကျွန်မရဲ့ လှုပ်ရှားမှုကို စောင့်ကြည့်ပြီး နတ်သူငယ်ဟာ ကျွန်မဘက် ကို လှည့်လို့ ကြင်ကြင်နာနာ ပြုံးပြပါတယ်။ သူ ပါးစပ်လှုပ်တာကို မမြင်လိုက်ရပေမဲ့ သူ စကားပြောတာကို ကျွန်မ ကြားလိုက်ရပါတယ်။

'မကြောက်နဲ့' လို့ သူက ပြောပါ တယ်။ သူ့အသံက ချမ်းမြေ့လွန်းတာကြောင့် သူ့ရဲ့လက်မောင်းသေးသေးလေးတွေထဲ တိုးဝင်ပြီး အိပ်ချင်နေတဲ့ စိတ်ကို ပျောက် အောင် ကျွန်မ မနည်း လုပ်နေရပါတယ်။

ကျွန်မ မသိမသာ ခေါင်းခါလိုက်ပါတယ်။ ကျွန်မ ဘာပြောရမှာလဲ။ 'ဟယ်လို၊ နတ်သူငယ်၊ နေကောင်းလား' လို့ ပြောရမှာလား။ ကျွန်မ မပြောနိုင်ခဲ့ပါဘူး။ ကျွန်မ သူ့ကို ဘယ်လိုခေါ်ရမလဲ ဆိုတာတောင် မသိပါဘူး။ အဘိုးလို့ ခေါ်ရမလား၊ ဘိုးဘိုး လို့ခေါ်ရမလား။

ကျွန်မ တွေးနေတာကို သိနေတဲ့အလား နတ်သူငယ်က ထပ်ပြုံးပြပါတယ်။

'အဘိုးတို့ကို လူတွေက မှင်စာတွေ၊ ဒါမှမဟုတ် နတ်သူငယ်တွေလို့ ခေါ်တတ် ကြတယ်၊ သမီး ကြိုက်သလို ခေါ်လို့ရပါတယ်ကွဲ့၊ ဒါပေမဲ့ ပရက်စ်လို့ ခေါ်စေချင်တယ်'

ကျွန်မရဲ့အံ့သြသွားတဲ့ ပုံစံကို ကြည့်ပြီး ပရက်စ်က ရယ်ပါတယ်။ သူ့ ရယ်သံက သစ်ပင်တွေကြားကို လေတိုးတဲ့ အသံနဲ့ တူပါတယ်။ ပင်လယ်ကမ်းခြေထက်က လှိုင်းပုတ်တဲ့ အသံလိုပါပဲ။ ရယ်သံက နားထောင်လို့ ကောင်းတာကြောင့် ကျွန်မ ထပ်ကြားချင်မိသေးပါတယ်။ ပြီးတော့ သူ့ရဲ့ အမျိုးအကြောင်းကို ကျွန်မ ပိုသိချင်ပါ သေးတယ်။ သူတို့မှာ သား၊ သမီးတွေ ရှိကြလား။ ဇနီးတွေ ရှိကြလား။ သူတို့ဟာ ကျွန်မတို့လို တူတူပုန်းတမ်း၊ ထုပ်ဆီးတိုးတမ်း ကစားကြလား။

mgyoe.com

mgyoe.com SAMPLE BOOK

ဒါပေမဲ့ ပရက်စ်ဟာ စကားစမြည် ပြောချင်စိတ် မရှိပါဘူး။ သူက ကျွန်မကို ပိုဂရုစိုက်ဖို့ ပြောပါတယ်။ ကျွန်မ ဒီထက်ပိုပြီး ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားနိုင်တယ်တဲ့။

ကျွန်မ သူ့အင်္ကျီ၊ သူ့ရယ်သံ၊ သူ့ အသံတွေကို ကြိုက်လိုက်တာလို့ တွေးရင်း ငေးတိငေးမော ခေါင်းညိတ်လိုက်ပါတယ်။ သူဟာ ဟိုး အချိန်ကြာကြာတုန်းက ဆုံးသွားတဲ့ ကျွန်မ အဘိုးကို ပြန်အမှတ်ရစေပါတယ်။

ကျွန်မ မျက်လုံးတွေကို မှိတ်ထားလိုက်တယ်။ ပရက်စ်ရဲ့ အနိုပ်က ကျွန်မကို အိပ်စေချင်နေတာကို ခွင့်ပြုထားလိုက်တယ်။ မိနစ် သုံးဆယ်လောက်အကြာ ကျွန်မ နိုးလာတော့ နတ်သူငယ် မရှိတော့ပါဘူး။ လိမ်းဆေးရဲ့ မွှေးရနံ့ပဲ ကျန်ရစ်ခဲ့ပါတော့တယ်။

မေမေနဲ့ ဖေဖေ ပြန်ရောက်လာတော့ ဖြစ်ခဲ့တာတွေကို ကျွန်မ ပြောပြလိုက်ပါတယ်။ သူတို့ရဲ့ တုံ့ပြန်မှုကို မြင်တွေ့ရတာ စိတ်ပျက်စရာပါပဲ။ သူတို့တွေ ဖြူရော်လို့ သွားပါတယ်။ ပြီးတော့ ဆိုဖာပေါ် ခြေပစ်လက်ပစ် လဲကျသွားကြတယ်။ သူတို့ သတိပြန်ဝင်လာဖို့ ကျွန်မ ရေနဲ့ တောက်လိုက်ရပါတယ်။ သူတို့တွေဟာ တခြားသူတွေနဲ့ ဘာလို့ မတူကြတာလဲ။ သဘာဝလွန် သက်ရှိတစ်ယောက်နဲ့ ကျွန်မ သူငယ်ချင်းဖြစ်တာကို သူတို့ ဘာလို့ ဝမ်းမသာကြတာလဲ။ ကျွန်မ နတ်သူငယ်တစ်ယောက်နဲ့ ဘဝမှာ ပထမဆုံး ဆုံတွေ့တဲ့အကြောင်း သူတို့ကို ပြောပြလိုက်တော့ နေရာမှာတင် သူတို့ သတိလစ်သွားခဲ့တယ်။ ကျွန်မ ညနေခင်းတစ်ခုလုံး စိတ်ကောက်နေလိုက်တော့တယ်။

နောက်နောင် နတ်သူငယ်တွေနဲ့ ဘယ်တော့မှ စကားမပြောဖို့ မေမေက ကျွန်မကို ပြောပါတယ်။ ဒါမှမဟုတ် နတ်သူငယ်တွေက လူတွေကို သတ်ပြီး သူတို့ရဲ့ တိုင်းပြည်ကို ခေါ်ဆောင်သွားလေ့ ရှိတယ်ဆိုတဲ့ မရေမတွက်နိုင်လောက်အောင် များပြားတဲ့ ပုံပြင်တွေကို ကျွန်မ မေ့ပစ်လိုက်ရမလား။ ကျွန်မ ပခုံးတွန့်လိုက်ပါတယ်။ ဘာပဲပြောပြော နတ်သူငယ် အဘိုးအိုဟာ ကျွန်မအသက်ကို ကယ်ခဲ့ပါတယ်။

အဲဒီအကြောင်းကို ကျွန်မ ထပ်မတွေးတော့ပါဘူး။ တကယ်တော့ ကျွန်မဟာ မျက်နှာကြက်ပေါ်က ထုထောင်းသံ၊ ခြေဆောင့်နင်းတဲ့ အသံတွေကို သဘောကျစပြုလာပါတယ်။ ကျွန်မ ပရက်စ်နဲ့ ထပ်တွေ့အောင်လို့ ဒဏ်ရာ ထပ်ရချင်စိတ်တောင် ဖြစ်မိပါတယ်။ ဒါပေမဲ့ ဘာမှ မဖြစ်ခဲ့ပါဘူး။ ကျွန်မရဲ့ နွေရာသီ လက်ကျန် နေ့ရက်တွေမှာ နတ်သူငယ်တွေနဲ့ ဆော့ကစားရတယ်လို့ အိပ်မက်မက်ပြီး ကုန်ဆုံးခဲ့ရပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မရဲ့ ဒုတိယမြောက် နတ်သူငယ်ကို ကျောင်းမှာ တွေ့ခဲ့ရပါတယ်။ ကျွန်မ သုံးတန်းရောက်တော့ သရဲခြောက်တဲ့ စာသင်ခန်းတစ်ခန်း ရှိတဲ့ အစိုးရကျောင်း သစ်ကို ပြောင်းတက်ရပါတယ်။ ကျွန်မရဲ့ အကန်းဖော်တွေက ကျွန်မတို့ ကျောင်းမှာ ရှိတဲ့ မှင်စာတွေ၊ အဖြူရောင် အမျိုးသမီးတွေ၊ တစ္ဆေတွေ အကြောင်းကို ပြောပါ တယ်။ ကျွန်မကတော့ သူတို့ရဲ့ ပုံပြင်တွေကို ယုံနှင့်ပြီးသားပါပဲ။

ကျွန်မက သူ့တို့ကို ပရက်စ်အကြောင်း ပြောပြပေမဲ့ သူတို့က သံသယဝင်တာ ကြောင့် ဒီအတိုင်းပဲ ထားလိုက်ပါတော့တယ်။ အကျိုးဆက်ကတော့ ကျွန်မကို သူတို့ ကစားတဲ့ အထဲမှာ မပါခိုင်းတော့ပါဘူး။

စာသင်ခန်းထဲမှာ ကျွန်မဟာ သရဲ အခြောက်ဆုံးလို့ ထင်ရတဲ့ ထိုင်ခုံမှာ ထိုင်ပါ တယ်။ အဲဒီခုံက ဆရာမ စားပွဲနဲ့ အဝေးဆုံးမှာ ရှိပါတယ်။ ကျွန်မ အနားမှာ ဘယ်သူမှ မထိုင်ချင်ကြပါဘူး။ ကျွန်မရဲ့ နောက်မှာ သမ္မတရဲ့ ဓာတ်ပုံ ချိတ်ထားပါတယ်။ အတန်းဖော်တွေ အနားမှာ မရှိတာကြောင့် နတ်သူငယ်တွေ ပေါ်လာစေချင်စိတ် ဖြစ်မိပါတယ်။ အဲဒါကြောင့် ကျွန်မ စောင့်ပါတယ်။

ဒီကျောင်းကို စတက်ပြီး သုံးလမြောက်ချိန်မှာ တကယ် ဖြစ်လာခဲ့ပါတယ်။ ကျွန်မတို့ အရမ်းခက်တဲ့ သင်္ချာစာမေးပွဲ ဖြေရပါတယ်။ ကျွန်မတို့ရဲ့ ဆရာမက ကျွန်မ တို့ကို ထားခဲ့ပြီး အပြင်မှာ အတင်းပြောဖို့ ထွက်သွားခဲ့ပါတယ်။ ကျွန်မ အတန်းဖော် တွေ အားလုံးဟာ တစ်ယောက် ဖြေတာကို တစ်ယောက် ပေါ်တင် ကူးချနေပါတော့ တယ်။ ကျွန်မ ထိုင်ခုံကနေ တခြားသူတွေရဲ့ အဖြေလွှာကို ကျွန်မ ကြည့်ပါတယ်။ သူတို့ရဲ့ ရေးခြစ်ရာတွေကို ကျွန်မ နားလည်မလား ဆိုပြီးတော့ပေါ့။ ဒါပေမဲ့ ရှုပ်ထွေး ရှည်လျားတဲ့ အစားပုစ္ဆာ အဖြေတွေကို ကျွန်မ နားမလည်ပါဘူး။ ကျွန်မ မျက်နှာ ကြက်ကို မော့ကြည့်ပါတယ်။ ထောင့်စောင်း တစ်ခုခုကို ငေးကြည့်နေရင် ကျွန်မရဲ့ ဦးနှောက်က ပိုကောင်းလာလေမလားပေါ့။ ပိုကောင်းမလာပါဘူး။ ကျွန်မရဲ့ ညာ ဘက်ကို ကြည့်လိုက်တယ်။ ဘာမှ ရှိမနေဘူး။ နောက်ဆုံး အောက်ကို ငုံ့ကြည့်လိုက် တော့ နတ်သူငယ် သေးသေးလေးကို တွေ့လိုက်ရပါတယ်။

ခြောက်လက်မလောက်ပဲ ရှိပြီး ပရက်စ်ထက်တောင် သေးငယ်ပါတယ်။ သူဟာ ကျွန်မရှေ့က လွယ်အိတ်ပေါ်မှာ ထိုင်နေပြီး စိတ်မရှည်စွာနဲ့ ခြေထောက်ကို ဆောင့် လို့ နေပါတယ်။

'ငါ့ကို သတိထားမိဖို့ ဘာလို့ ဒီလောက်တောင် ကြာနေရတာလဲ၊ ငါ ဒီကို ရောက်နေတာ နာရီပေါင်းများစွာ ကြာလို့နေပြီ' လို့ သူကပြောတယ်။

mgyoe.com

m.gyoe.com

SAMPLE BOOK


ဘယ်လောက်တောင် ရိုင်းစိုင်းလိုက်လဲ။ သူ့လူမျိုးက သူ့ရဲ့ရိုင်းစိုင်းတဲ့ အပြုအမူကြောင့် ဖယ်ကြဉ်လိမ့်မယ် ဆိုတာ သူ မသိဘူးလား။ ကျွန်မ သူ့ကို မသိချင်ယောင်ဆောင်ပြီး အဖြေလွှာ စာရွက်ကို မျက်မှောင်ကြုတ် ကြည့်နေလိုက်တယ်။ ၃၉၉၆ ကို ၆ နဲ့စားရင် အဖြေက ဘယ်လောက်လဲ။

ရုတ်တရက် သူက တောင်းပန်ပြီး သူ့နာမည် လင်းနို့ပါလို့ ပြောလာတယ်။ သူက ကျွန်မ အပြင်မှာ ဆော့တာကို မြင်ထားပြီးတော့ ကျွန်မဟာ ချောတယ်၊ နူးညံ့တယ်၊ စိတ်ကူးယဉ်တတ်တယ်လို့ ထင်တဲ့အကြောင်း ပြောလာပါတယ်။ စာမေးပွဲကို ကူဖြေပေးစေချင်လား တဲ့။

ကျွန်မ ချောတယ်တဲ့လား။ စိတ်အားထက်သန်စွာနဲ့ ကူဖြေပေးဖို့ ကျွန်မ သဘောတူလိုက်တယ်။ ကျွန်မ သူ့ကို ကျွန်မရဲ့အဖြေစာရွက် ပေးလိုက်တယ်။ သူက ခပ်လျောင်လျောင် နာမူတ်လိုက်တယ်။ 'ငါတို့ နှတ်သူငယ်တွေ အတွက်တော့ ဒါက မူလတန်းစာပဲ' လို့ သူက ပြောတယ်။ လူတွေအတွက်လည်း ဒီစာက မူလတန်းစာပဲလေ၊ သုံးတန်းစာလေလို့ ကျွန်မ ပြောလိုက်ချင်ပေမဲ့ စိတ်ထိန်းထားလိုက်တယ်။

လင်းနို့နဲ့ ကျွန်မ သူငယ်ချင်းတွေ ဖြစ်လာခဲ့တယ်။ သူက ကျွန်မရဲ့ အိမ်စာတွေကို ကူလုပ်ပေးတယ်။ ကျောင်းမှာ အရှုပ်အမှုး ဖြစ်ကြတဲ့ ရောင်စုံခဲတံတွေနဲ့ စာရေးကိရိယာလေးတွေ သူက ကျွန်မကို ပေးတယ်။ သူနဲ့ ကျွန်မ သူငယ်ချင်း ဖြစ်နေတာကို ကျွန်မ့ရဲ့ မိဘတွေကို မပြောဖို့ သူက ပြင်းပြင်းထန်ထန် တားမြစ်ပါတယ်။ နောက်ဆုံးတော့ ကျွန်မတို့နှစ်ယောက်ရဲ့ ခင်မင်မှုကို လူတချို့က နားလည်မှာ မဟုတ်ဘူးလို့ သူက ပြောတယ်။ တစ်ယောက်နဲ့ တစ်ယောက် ထပ်မတွေ့အောင် သူတို့က တားမြစ်ကောင်း တားမြစ်ကြလိမ့်မယ် တဲ့။

ကျွန်မ အဲဒီအကြောင်းတွေလုံးဝ မစဉ်းစားပါဘူး။ ကျွန်မတို့ သူငယ်ချင်းဖြစ်နေတာကို နှုတ်ဆိတ်နေလိုက်ပါတယ်။ သူ ကျွန်မကို အဖော်လုပ်ပေးတာကို ကျွန်မ ပျော်ပါတယ်။ သူက အရမ်း စဉ်းစားတတ်တယ်။ သူက သူငယ်ချင်းကောင်းတစ်ယောက်ပါ။ ကျွန်မတို့နှစ်ယောက် တစ်သက်လုံး သူငယ်ချင်း ဖြစ်သွားလို့ရတယ်လို့ ကျွန်မ တွေးမိပါတယ်။

ဒါပေမဲ့ သူက ကျွန်မကို ချစ်တဲ့အကြောင်း ဖွင့်ပြောတဲ့အချိန် ရောက်လို့လာပါတယ်။ သူက ကျွန်မကို သူ့ရဲ့နိုင်ငံ လိုက်ပြီး သူ့ရဲ့ မင်းသမီး ဖြစ်စေချင်ပါတယ်။ ကျွန်မ ငြင်းလိုက်ပါတယ်။ ကျွန်မက အသက်ကိုးနှစ်ပဲ ရှိသေးတာလေ။ ထမင်းဟင်း ဘယ်လို ချက်ရမယ်၊ အဝတ်အစား ဘယ်လို လျှော်ရမယ်၊ အိမ်ရှင်မတွေ

m.gyoe.com

mgyoe.com SAMPLE BOOK

လုပ်ရမယ့် အလုပ်တွေကို ကျွန်မ မသိသေးပါဘူး။ ပြီးတော့ သူက နတ်သူငယ်၊ ကျွန်မလို အရပ်ပုပြီး ကျွန်မရဲ့ ဒူးတွေလောက်ပဲ အရပ်ရှည်ပါတယ်။ ကျွန်မတို့ နှစ်ယောက်တွဲ ပုံက ဘယ်လောက်တောင် ရယ်စရာ ကောင်းလိမ့်မလဲ။ သူက ကျွန်မကို ရက်ပေါင်းများစွာ တောင်းပန်ပါတယ်။ ဒါပေမဲ့ ကျွန်မက မိဘတွေကို အသိပေးလိုက်ပြီ၊ သူတို့တွေ ဒေါသထွက်နေတယ်လို့ ပြောလိုက်ပါတယ်။ အဲဒါက တကယ်တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ တကယ် မဟုတ်တာကို လင်းနို့ မသိပါဘူး။ သူဟာ ဒေါသတွေ ထွက်ခဲ့ပါတယ်။ ကတိတွေပေးပြီး ကတိ မတည်ဘူးလို့ ကျွန်မကို ဝေဖန် တိုက်ခိုက်ပါတယ်။ အဲဒီနောက် သူ ပျောက်ကွယ်သွားခဲ့ပါတယ်။

အဲဒီညမှာ ပရက်စ်က ကျွန်မကို အိပ်မက်ထဲမှာ စကားလာပြောပါတယ်။ သူက ကျွန်မကို လင်းနို့ ဒေါသထွက်အောင် ပွင့်ပွင့်လင်းလင်း ဘယ်တော့မှ မပြောသင့်ဘူးလို့ ပြောပါတယ်။ ‘အဲဒီ နတ်သူငယ်ဟာ အဘိုးတို့မြို့မှာလူစိမ်းတစ်ယောက်ပဲ၊ သူ့မိသားစုအကြောင်း အဘိုးတို့ မသိဘူး၊ သူ အကြမ်းဖက်လာနိုင်တယ်’ လို့ သူက ပြောပါတယ်။

ဒါပေမဲ့ ကျွန်မ ပြောခဲ့တာက ပြောပြီးခဲ့ပြီလေ။ ပြန်ဖျက်လို့မှ မရတော့တာ။ ကျွန်မ လုံးဝ စိတ်မပူပါဘူးလို့ ပရက်စ်ကို ကျွန်မ ပြောလိုက်တယ်။ ဘာပဲဖြစ်ဖြစ် ပရက်စ်က ကျွန်မနဲ့ ကျွန်မ မိသားစုအတွက် အမြဲ ရှိပေးမှာ မဟုတ်လား။

‘မှားတယ် သမီး’ လို့ သူက ပြောတယ်။ သူ့ရဲ့အစွမ်းက လူတွေကို ကံကောင်းစေတာနဲ့ သေလောက်တဲ့ဒဏ်ရာ မဟုတ်တဲ့ အသေးအဖွဲ ဒဏ်ရာတွေကို ကုပေးနိုင်တာလောက်ပဲ ရှိတယ်လို့ သူကပြောပါတယ်။ ‘အဲဒါက ဘာကောင်းလဲ’ လို့ ကျွန်မ မေးလိုက်တယ်။ သူ မဖြေနိုင်ပါဘူး။သူဟာ ကျွန်မကို ပြုံးကျနေတဲ့ အိမ်တွေရယ်၊ အော်ဟစ်နေတဲ့ နတ်သူငယ်တွေပါတဲ့ အိပ်မက်တစ်ခုထဲမှာ ထားရစ်ခဲ့ပါတယ်။

နောက်နေ့မှာတော့ ကျွန်မ ဖျားပါတော့တယ်။ ဒီမြို့က အတော်ဆုံး ဆရာဝန်လာကုတာတောင် မပျောက်ပါဘူး။ ကျွန်မမိဘတွေက စိတ်ပူလာပြီး နတ်ဆရာမကို အိမ်ကို ထပ်ပင့်ပါတယ်။ နတ်ဆရာမက နွားတစ်ကောင်လုံးကို ကင်ရမယ်လို့ ပြောတော့ ကျွန်မ မိဘတွေက စိတ်အားထက်သန်စွာ ပြုလုပ်ပါတယ်။ နတ်ဆရာမနဲ့ သူမရဲ့ မိသားစုဟာ ပွဲတော်တည်ကြပါတယ်။ နောက်ထပ် ရက်အနည်းငယ်ကြာတဲ့အထိ ကျွန်မ ဆက်ဖျားနေတုန်းမို့ နတ်ဆရာမက ကျွန်မ မိဘတွေကို ကျွန်မကို ဆံပင်ညှပ်ဖို့ ပြောပါတယ်။ နတ်သူငယ်တွေက ဆံပင်ရှည်တဲ့ မိန်းကလေးတွေကို သဘောကျကြတယ်လို့ နတ်ဆရာမက ကျွန်မ မိဘတွေကို ပြောပါတယ်။ ပြဿနာ

mgyoe.com

mgyoe.com SAMPLE BOOK

က လင်းနို့က ကျွန်မရဲ့ဆံပင်ပုံစံသစ်ကို သဘောကျနေတာပါပဲ။ ကျွန်မရဲ့အိပ်မက်တွေထဲ သူ အမြဲရှိပြီး ကျွန်မကို သူနဲ့ လိုက်ခဲ့ဖို့ ခေါ်ပါတယ်။ ကျွန်မ အရင်ကထက် ပိုပြီး နေမကောင်း ဖြစ်ပါထယ်။

နတ်ဆရာမဟာ အိပ်မက်တစ်ခုကနေ စိတ်ကူးတစ်ခု ရလာခဲ့ပါတယ်။ သက်တမ်းရင့် သစ်ပင် ခုနစ်ပင်ရဲ့ အခေါက်တွေကနေ အဆီထုတ်ပြီး ကျွန်မရဲ့ဆံပင်ကို လိမ်းစေပါတယ်။ အဲဒီအတွက် ကုန်ကျစရိတ် နွားတစ်ကောင်ထက်တောင် ပိုပါသေးတယ်။ နာခေါင်း မပိတ်ဘဲ ကျွန်မ အခန်းထဲကို ဘယ်သူမှ မဝင်နိုင်ပါဘူး။ အနံ့က တော်တော် ဆိုးပါတယ်။ ဆိုးရွားတဲ့ အနံ့နဲ့ လှည့်ကွက် လုပ်လိုက်ပါတယ်။ လင်းနို့ဟာ အဲဒီအနံ့ကို ရွံရှာပေမဲ့ ကျွန်မကို အရယူဖို့ သူ့ကို ဘယ်အရာကမှ မဟန့်တားနိုင်ပါဘူး။ ကျွန်မ မိသားစု တစ်ခုလုံးကို ဖယ်ရှားဖို့ လိုရင်တောင်မှ သူ လုပ်မှာပါ။ ကျွန်မ သူ့ကို မချစ်တဲ့အကြောင်း၊ သူနဲ့ ဘယ်တော့မှ လိုက်မှာ မဟုတ်တဲ့အကြောင်း ထပ်တလဲလဲ ပြောပေမဲ့ သူကတော့ စိတ် ပိုင်းဖြတ်ပြီးပါပြီ။ နောက်ဆုံးတော့ ကျွန်မ သူ့ကို ဥပေက္ခာ ပြုလိုက်ပါတယ်။ နတ်သူငယ် တစ်ယောက်အတွက် ဘယ်သူကများ ကျိုးကြောင်း ဆင်ခြင်နေရမှာလဲ။ အဲဒီလောက် ရူးတဲ့တစ်ယောက် အတွက်ပေါ့။

နောက်ထပ် ရက်အနည်းငယ်လောက် သူ ကျွန်မအိပ်မက်ထဲ ရောက်မလာတော့ပါဘူး။ နောက်တစ်ပတ်လောက် အကြာမှာ ကျွန်မ အိပ်ရာထဲက ထပြီး ပြန်ပြေးလွှားနေနိုင်ပါပြီ။ ကျွန်မ မိဘတွေက ကျွန်မကို ဘာသာရေးကျောင်းကို ပြောင်းထားဖို့ ဆုံးဖြတ်လိုက်ပါတယ်။

နောက်တော့ ကိစ္စတစ်ခု ဖြစ်လာခဲ့တယ်။ ကျွန်မအမေ ကိုယ်ဝန် ပျက်ကျခဲ့ပါတယ်။ လူတွေက နတ်သူငယ်တွေကို အပြစ်တင်ကြပြီး အချိန် တော်တော်ကြာတဲ့အထိ အဲဒီအကြောင်းကို ပြောကြပါတယ်။ မျက်နှာကြက်ပေါ်က ထုထောင်းသံကြားရတိုင်း ဝမ်းနည်းပြီး ကြောက်ရွံ့နေတဲ့ ကျွန်မ မိဘတွေရဲ့ မျက်နှာပေးကို ကျွန်မနေ့တိုင်း မြင်နေရတယ်။ အမေ ကိုယ်ဝန် ပျက်ကျတာနဲ့ ပတ်သက်ပြီး သူတို့မှာ တာဝန်ရှိလား၊ ဒါမှမဟုတ် သူတို့ သူငယ်ချင်းတွေ လုပ်တာလား။ ကျွန်မ မိဘတွေကို လင်းနို့အကြောင်း ဘယ်တုန်းကမှ မပြောခဲ့ဖူးပါဘူး။ အခု ဖြစ်ပျက်နေတာတွေရဲ့ လက်သည်က လင်းနို့လို့ ပရက်စ်က ပြောပါတယ်။

နှစ်တွေ ကုန်ဆုံးသွားခဲ့တယ်။ အမေ ကိုယ်ဝန် ပျက်ကျပြီးနောက် ဘာမှ ဆိုးဆိုးရွားရွား မဖြစ်တော့ဘူး။ ကျွန်မတို့ရဲ့ အကြောက်တရားတွေလည်း မရှိတော့ပါဘူး။ နို့စက် ဝန်ဆောင်မှုက ပုံမှန် ရှိနေခဲ့တယ်။ ကျွန်မအမေ ကိုယ့်ဝန် ပျက်ကျတာဟာ

mgyoe.com

mgyoe.com SAMPLE BOOK

နတ်သူငယ်တွေရဲ့ လက်ချက်ဆိုတဲ့ စွပ်စွဲချက်ကိုလည်း ဖယ်ထုတ်လိုက်ပါတယ်။ မမွေးခင် သေဆုံးဖို့ ပါလာတဲ့ သန္ဓေသားရဲ့ ကံကြမ္မာပါပဲ။

'လင်းနို့ မြို့ထဲက ထွက်သွားပြီး သူ့ကို အကူအညီပေးနိုင်မယ့် ဆွေမျိုးသားချင်း တစ်ယောက်ယောက်ကို သွားရှာတာ ဖြစ်နိုင်တယ်' လို့ ပရက်စ်က ပြောတယ်။

ကျောချမ်းစရာ ကောင်းတဲ့ အတွေးပါပဲ။ နောက်ဆုံးအကြိမ် စကားပြောတုန်းက လင်းနို့ရဲ့ စကားလုံးတွေကြောင့် ကျွန်မ ထိတ်လန့်မိခဲ့ပါဟယ်။ ကျွန်မ မိသားစုကို ကာကွယ်နိုင်မယ့် နည်းလမ်းကို စဉ်းစားရင် ကျွန်မ ဉာဘက် အိပ်မပျော်ပါဘူး။ ကျွန်မမှာက ပရက်စ် ရှိတယ်။ ကျွန်မ မိသားစုဝင်တွေမှာ ဘယ်သူ ရှိလို့လဲ။

ကျွန်မအသက် ဆယ့်နှစ်နှစ် အရွယ်မှာ ကျွန်မတို့အိမ် မျက်နှာကြက်က ထုထောင်းသံတွေ ရပ်တန့်သွားခဲ့ပါတယ်။ ကျွန်မတို့ နေ့လယ်စာ စားနေတုန်း အချိန်မှာပေါ့။ မေမေ ကြက်သား စမ်းချက်တာ မအောင်မြင်လို့ မေမေ ဝယ်လာတဲ့ ဝက်သားကင်တွေကို စားနေတုန်းမှာပေါ့။ နှစ်ပေါင်းများစွာ ကြားလာခဲ့ရတဲ့ ဆူညံသံ ရုတ်တရက် ရပ်တန့်သွားတာကြောင့် ထိတ်လန့်မိပါတယ်။ တိတ်ဆိတ်မှုဟာ ကျွန်မတို့ နားတွေထဲမှာ ကျယ်လောင်နေပါတယ်။ ပထမဆုံးအကြိမ် အနေနဲ့ ကျွန်မတို့ရဲ့ အသက်ရှူသံကို ကျွန်မတို့ ကြားလာခဲ့ရတယ်။

ဘယ်သူမှ မလှုပ်ကြဘူး။ အခုဆိုရင် အသက်ခုနစ်နှစ် ရှိပြီဖြစ်တဲ့ ကျွန်မ မောင်လေးတောင် တုတ်ချောင်းက ဝက်သားကို ဖြုတ်ပြီး စဝါးနေခါစကို ရပ်လိုက်တယ်။ ဖေဖေက နတ်သူငယ်တွေကို အော်ခေါ်လိုက်တယ်။ ဘယ်သူမှ ပြန်မထူးကြဘူး။ ကျွန်မ အစ်ကိုဝမ်းကွဲကို သူ့နောက်က လိုက်လာဖို့ အမူအရာနဲ့ ပြလိုက်ပြီး သူတို့နှစ်ယောက်ဟာ လှေကား သွားယူကြတယ်။ ပြီးတော့ လှေကားနဲ့ မျက်နှာကြက်ပေါ် တက်သွားကြတယ်။ သူတို့နဲ့အတူ သစ်သား လက်ဝါးကပ်တိုင်ဟောင်း တစ်ခုနဲ့ မေလရဲ့ ပထမဆုံး မိုးရေတွေ ထည့်ထားတဲ့ ရေဘူးကို ယူသွားကြတယ်။ ကျွန်မ အစ်ကိုဝမ်းကွဲဟာ ၂ ပတ်လည် သစ်သားချောင်းနဲ့ ကြိုးတစ်ချောင်း ယူပြီး တက်သွားပါတယ်။ သူတို့ ဘာလုပ်ချင်မှန်း ကျွန်မ မသိပေမဲ့ မော့ကြည့်နေလိုက်တယ်။ ဝက်သားကင်တွေကို ကျွန်မတို့ မေ့သွားပါပြီ။

ဖေဖေက မျက်နှာကြက်ထဲကို အရင်ဝင်ပြီး ကျွန်မရဲ့ ဝမ်းကွဲအစ်ကိုက နောက်ကနေ လိုက်သွားပါတယ်။ နောက် ခဏနေတော့ သူတို့ အမောတကော ပြန်ဆင်းလာကြတယ်။ ကျွန်မရဲ့ ဝမ်းကွဲအစ်ကိုက လှေကားကနေ အရင် ဆင်းလာတယ်။ လန့်ဖျပ်တာကြောင့်လား၊ နမော်နမဲ့ နိုင်တာကြောင့်လားတော့ မသိဘူး၊ လှေကား

mgyoe.com

mgyoe.com SAMPLE BOOK

ထစ် တစ်ထစ် ကျိုးကျပြီး သူ ကြမ်းခင်းပေါ်ကို ကျပါတယ်။ သူဟာ ငကျောနဲ့ အရင် ကျပါတယ်။ သူ အလောတကြီးနဲ့ လွတ်ကျခဲ့တဲ့ သစ်သားချောင်းနဲ့ ရိုက်မိပါတယ်။ သူဟာ မလှုပ်မယှက် လဲလျောင်းနေပြီး အသက်ကို မနည်း ရှူနေရပါတယ်။ သူ့ရဲ့ ကျောကုန်းဟာ မထင်မှတ်ထားလောက်အောင် ကွေးညွတ်နေပါတယ်။

မေမေဟာ သတိလစ်သွားပါတယ်။ ဖေဖေက မလှုပ်မယှက် မတ်တတ်ရပ်နေပါတယ်။ ကျွန်မ အစ်မက လူနာတင်ကား ခေါ်လိုက်ပါတယ်။ ကျွန်မ မောင်လေးက အော်ငိုတယ်။ ကျွန်မက ကြမ်းပြင်ပေါ်မှာ ထိုင်ပြီး ရယ်နေပါတော့တယ်။ ဝမ်းသာလို့ ရယ်တာမျိုး မဟုတ်ဘဲ ဖြစ်ခဲ့တာတွေကို သူ့အလိုလို တုံ့ပြန်နေမိတာပါ။ ဒါပေမဲ့ သူတို့တွေက အထင်လွဲပြီး ကျွန်မကို ကျွန်မအခန်းထဲ ထည့်၊ သော့ခတ်ထားလိုက်ပါတယ်။ ကျွန်မ ငိုတယ်၊ အော်တယ်၊ ဆဲတယ်။ ဒါပေမဲ့ သော့ခတ်ခံရတုန်းပါပဲ။ သူတို့ စကားပြောနေတာ၊ ဆေးအဖွဲ့ ရောက်လာတာ၊ ဆွေမျိုးတွေ အိမ်ထဲ ဝင်လာတာတွေကို ကျွန်မ အခန်းထဲကနေ ကြားနေရပါတယ်။ ကျွန်မ လျစ်လျူရှု ခံနေရပါတယ်။ ကျွန်မ အိပ်ပျော်သွားတော့ နတ်သူငယ်တစ်ယောက် ရယ်နေတာကို အိပ်မက် မက်ပါတယ်။ ကျွန်မ နိုးလာတော့ ကျွန်မတို့ တစ်အိမ်လုံး ရယ်သံတွေနဲ့ ဖုံးလွှမ်းနေပါတော့တယ်။ အဲဒီနောက်တော့ ကျွန်မ ဝမ်းကွဲအစ်ကို ဆုံးသွားပါတယ်။

နောက်တစ်နှစ် အကြာမှာ ကျွန်မမောင်လေး အသက်ဆုံးရှုံး ရပါတယ်။ သူ့ကို စာပို့ကားက ဝင်တိုက်တာပါ။ ကားမောင်းသမားက ခွင့်လွှတ်ပေးဖို့ တောင်းပန်ရင်း မချိတင်ကဲ ငိုကြွေးတဲ့ အသံကို ကျွန်မ ကြားယောင်နေဆဲပါ။ သက်ရှိ အကောင် သေးသေးလေး တစ်ကောင် သူ့ရဲ့ ဗင်ကားရှေ့ဖြတ်ပြေးလို့ ရှောင်ရင်းနဲ့ ရုတ်တရက် ကားကို ကွေ့လိုက်တာလို့ သူက ပြောပါတယ်။ ကံဆိုးချင်တော့ လမ်းဘေးမှာ ဆော့နေတဲ့ ကျွန်မမောင်လေးကို ဗင်ကားက တည့်တည့် ဝင်တိုက်မိပါတယ်။ ကားဘီးတွေက ကျွန်မမောင်လေးကို တက်ကြိတ်ချိန် အတိအကျမှာ ရယ်သံတွေ ကြားလိုက်ရတယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။

ကားသမား ထောင်ကျသွားပါတယ်။ ဒါပေမဲ့ သေဆုံးမှုတွေက ဒီမှာတင် မရပ်တန့် သေးပါဘူး။ နောက် ခြောက်လ မပြည့်တပြည့်မှာ ကျွန်မဖေဖေ ငါးဖမ်းရင်း ရေနစ်ခဲ့ပါတယ်။ ထူးထူးခြားခြား တိုက်ခတ်လာတဲ့ မုန်တိုင်းကြောင့်လို့ ငါးဖမ်းသမားတွေက ပြောပါတယ်။ ဒါပေမဲ့ အသက်ရှင် ကျန်နေသေးတဲ့ ကျွန်မတို့ မိသားစုဝင်တွေ အတွက်တော့ မိသားစုဝင်တွေ တစ်ယောက်ပြီး တစ်ယောက် သေကြတာဟာ တိုက်ဆိုင်မှု မဟုတ်တော့ပါဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

ကျွန်မအမေရယ်၊ ကျွန်မအစ်မရယ်၊ ကျွန်မရယ် သုံးယောက်ပဲ ကျန်ပါတော့တယ်။ ကျွန်မတို့ အကူအညီ လိုက်ရှာပါတယ်။ ရဲတွေက ကျွန်မတို့ရဲ့ မျက်နှာတွေကိုကြည့်ပြီး ရယ်ပါတယ်။ ကျွန်မတို့ကို ကြောင်တွေလို့ တံဆိပ် ကပ်ကြပါတယ်။ ပရက်စ်လည်း မရှိတော့ပါဘူး။ ထုထောင်းသံတွေ ရပ်တန့်သွားတဲ့ နေ့မှာ သူနဲ့ သူ့မိသားစုဟာ လင်းနို့ကို ရှူးနိမ့်ခဲ့တာ သိသာပါတယ်။ နတ်ဆရာမတောင်မှ ကျွန်မတို့ကို မကယ်နိုင်တော့ပါဘူး။ နတ်ဆရာမရဲ့ ဆေးရည်တွေနဲ့ လိမ်းဆေးတွေက ဘာအသုံးဝင်လို့လဲ။ နတ်သူငယ်တွေ လိုနေတာက မှော်ဆေးပါ။ နတ်ဆရာမဟာ ပင်ကိုအားဖြင့် ဆေးကုသူနဲ့ ပယောဂ ဆရာမသာ ဖြစ်ပါတယ်။ ကလဲ့စားချေနေတဲ့ နတ်သူငယ်တွေ ရန်ကို ခံနေရတဲ့ မိသားစု တစ်စုလုံးကို ခုခံပေးဖို့အတွက် သူမဟာ ဘာသင်တန်းမှ မတက်ထားပါဘူး။ သနားစရာ မေမေ။ ဖေဖေ သေပြီး တစ်ပတ် မပြည့်ခင်မှာတင် ဖေဖေ့နောက်ကို လိုက်သွားခဲ့ပါတယ်။ အလွန်အမင်း စိတ်ဆင်းရဲတာကြောင့်လို့ ဆရာဝန်တွေက ပြောကြပေမဲ့ ကျွန်မတို့က ကောင်းကောင်း သိနေပါတယ်။

ကျွန်မအစ်မနဲ့ ကျွန်မဟာ ကီလိုမီတာ ရာပေါင်းများစွာ ဝေးတဲ့ မြို့က အမျိုးတွေအိမ်မှာ သွားနေဖို့ အိမ်ကနေ ထွက်ခွာခဲ့ပါတယ်။ နတ်သူငယ်တွေအကြောင်း ကျွန်မသူတို့ကို ပြောပြပေမဲ့ သူတို့က ရယ်ကြပြီး ကျွန်မတို့ဟာ တော်ဆန်လွန်းတယ်လို့ပြောပါတယ်။ ‘၉၀ ခုနှစ်တွေကို ရောက်နေပြီ’ လို့ သူတို့က ပြောပါတယ်။ ‘လူသေးသေးလေးတွေကို ယုံကြည်မှု မရှိတော့တာ အချိန် တော်တော်ကြာနေပြီ’ သူတို့မှားနေတာကို ကျွန်မတို့ သိပါတယ်။ ဒါပေမဲ့ မိဘမဲ့ ဆယ်ကျော်သက် နှစ်ယောက်ဟာ သံသယရှိသူတွေကို ယုံကြည်အောင် ဘယ်လိုများ သိမ်းသွင်းနိုင်မှာလဲ။ ကျွန်မတို့ အတင်းအကျပ် ဖိပြောခဲ့သင့်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့အဒေါ်က ကျွန်မတို့ကို စိတ်ကျန်းမာရေး ဆရာဝန်နဲ့ တိုင်ပင်ရအောင် စီစဉ်ပေးခဲ့ပါတယ်။ စိတ်ကျန်းမာရေး ဆေးရုံ အပို့ခံရမှာကို ကြောက်လို့ ကျွန်မတို့ ဘာမှ ထပ်မပြောတော့ပါဘူး။ နောက်ဆုံးမှာတော့ ကျွန်မတို့ရဲ့ မွေးရပ်မြေကနေ အဝေးကြီးကို ထွက်လာတာကြောင့် နတ်သူငယ်တွေရဲ့ အန္တရာယ်ကနေ ကင်းဝေးခဲ့ပြီလို့ ကျွန်မတို့ မျှော်လင့်ခဲ့ပါတယ်။

ဒါပေမဲ့ သူတို့ နောက်က လိုက်လာခဲ့ပါတယ်။ ကျွန်မတို့ကို မွေးစားထားတဲ့ မိသားစုဝင်တွေဟာ တစ်ယောက်ပြီး တစ်ယောက် အသက်တွေ ဆုံးရှုံးသွားခဲ့ပါတယ်။ ကား မတော်တဆမှုတွေ၊ အစာ အဆိပ်သင့်တာတွေ၊ လူမှား အသတ်ခံရတာတွေနဲ့ပေါ့။ သူတို့ သေဆုံးမှုတွေနဲ့ ပတ်သက်ပြီး ကျိုးကြောင်း ညီညွတ်တဲ့

mgyoe.com

အကြောင်းပြချက်တွေ ရှိခဲ့ပါတယ်။ ဒါပေမဲ့ သေဆုံးမှုတွေအတွက် ကျွန်မတို့မှာ တာဝန်ရှိတာကို ကျွန်မတို့ သိကြပါတယ်။ ကျွန်မတို့ဟာ အကူညီမဲ့စွာ၊ စိတ်ပျက်စွာနဲ့ပဲ ကြည့်နေခဲ့ရပါတယ်။

ကျွန်မတို့ဟာ နတ်သူငယ်တွေကို အကြောင်ရိုက်နိုင်ပြီလို့ ထင်မှတ်ပြီး ခရီးဆက်ထွက်ကြပါတယ်။ ဒါပေမဲ့ နောက်ဆုံးမှာတော့ ကျွန်မအစ်မကို လွန်ခဲ့တဲ့ တစ်နှစ်မှာ သူတို့ မိသွားပါတယ်။ ကျွန်မတို့နှစ်ယောက် တခြားမြို့တစ်မြို့ကို သွားနေတုန်း ဘတ်စ်ကားဟာ ဘီးပေါက်သွားပါတယ်။ ကားဟာ မြောင်းထဲကို ကျသွားပါတယ်။ ကျွန်မ အပါအဝင် ကားပေါ်မှာ ပါလာတဲ့ လူတိုင်း ဒဏ်ရာရပေမဲ့ တစ်ဦးတည်းသော သေဆုံးသူက ကျွန်မ အစ်မပါပဲ။ အဲဒီတော့မှ ကျွန်မဟာ လူသေးသေးလေးတွေရဲ့ ဒေါသကနေ မလွတ်မြောက်နိုင်တော့ဘူးဆိုတာ နားလည်ခဲ့ပါတော့တယ်။

ကျွန်မအစ်မ သေဆုံးပြီးနောက် လူသေးသေးလေးတွေ ဆီကနေ တိတ်ဆိတ်တဲ့ ကာလတစ်ခု ရှိခဲ့ပါတယ်။ ကျွန်မ ပညာဆက်သင်ဖို့ ဆုံးဖြတ်ခဲ့ပြီး ဒေသကောလိပ်တစ်ခုမှာ ကျောင်းအပ်ခဲ့ပါတယ်။ ကျွန်မအတွက် ငွေကြေးပြဿနာ မရှိပါဘူး။ မရည်ရွယ်ဘဲ ကျွန်မ သေရွာပို့ခဲ့မိတဲ့ အမျိုးတစ်ယောက်ဆီကနေ ငွေကြေး အမြောက်အမြား ကျွန်မ အမွေ ရထားပါတယ်။

ကောလိပ် အဆောင်မှာ နေသားကျချိန် ရောက်တော့ ပရက်စ်ကို ကျွန်မ အိပ်မက်ထဲမှာ တွေ့ပါတယ်။ သူက ကျွန်မကို ဂါထာတစ်ပုဒ် ပေးပါတယ်။ သူနဲ့ သူငယ်ချင်း ဖြစ်ခဲ့တဲ့ စိတ္တဇတန်ခိုး ရှိတဲ့ လူတစ်ယောက်ရဲ့ ဇရာမ စာကြည့်တိုက်ထဲမှာ မှော်နောက်ရာကနေ တွေ့ရှိခဲ့တာလို့ သူက ပြောပါတယ်။ ဘယ်သက်ရှိကိုမဆို တုံ့ပြန်နိုင်တဲ့ ဂါထာပါ။ ကိုယ့်အပေါ် မလိုမုန်းထား အငြိုးရှိတဲ့ သက်ရှိတိုင်းအပေါ် သက်ရောက်မှု ရှိပါတယ်။ လူသားဖြစ်ဖြစ်၊ အခြားသက်ရှိ ဖြစ်ဖြစ်။ လင်းနို့ကို ကျွန်မ ကိုယ်တိုင် အနိုင်ယူတာက ပိုကောင်းမယ်လို့ ပရက်စ်က ယူဆပါတယ်။ ဘယ်လိုပဲ ဖြစ်ဖြစ် လင်းနို့ဟာ ကျွန်မကိုတော့ ကြီးကြီးမားမား နာကျင်အောင် မလုပ်နိုင်သေးဘူး မဟုတ်လား။ ကျွန်မ သဘောတူ လိုက်ပါတယ်။ ကျွန်မရဲ့ အနာဂတ်ကို ဆုံးဖြတ်ပေးမယ့် တိုက်ပွဲအတွက် ကျွန်မ ပြင်ဆင်ပါတော့တယ်။

ပရက်စ်နဲ့ စကားပြောပြီး သိပ်မကြာခင်မှာတင် လင်းနို့ဟာ ကျွန်မကို ခြေရာခံမိသွားပါတယ်။ ကျောင်းပိတ်ရက် တစ်ရက်ပေါ့၊ အခန်းထဲမှာ ကျွန်မ တစ်ယောက်တည်းပဲ ရှိနေခဲ့တယ်။ ကျွန်မရဲ့ မှတ်ဉာဏ်ထဲက ပုံစံနဲ့ ပြန်ကြည့်ရင် သူဟာ အရမ်း

mgyoe.com

mgyoe.com SAMPLE BOOK

အိုစာသွားပါပြီ။ တစ်ချိန်က ကြည်လင်ခဲ့တဲ့ သူ့ အသားအရေဟာ နက်မှောင်ပြီး ရုပ်ပျက်နေသလို သွေးကြောတွေကလည်း ရှုပ်ထွေးနေပါပြီ။ အမုန်းတရားဟာ သူ့ဆီကနေ အော်သံ ထွက်နေပါတယ်။ သူဟာ ခါးကိုင်းပြီး ခက်ခက်ခဲခဲ လမ်းလျှောက်နေရပါတယ်။ ကျွန်မ သူ့ကို သနားမိတယ်။

သူက ကျွန်မကို ရာဇသံပေးပါတယ်။ သူနဲ့ လိုက်မလား၊ ဒီနေရာမှာတင် သေမလား တဲ့။ ကျွန်မဟာ ရှုံးနိမ့်သွားပြီး ခြေကုန်လက်ပန်းကျတဲ့ ပုံစံ ဟန်ဆောင်လိုက်ပါတယ်။ ကျွန်မရဲ့ သရုပ်ဆောင်မှုက ထိရောက်မှု ရှိပါတယ်။ လင်းနို့ဟာ ကျေနပ်သွားတယ်။ သူက အခုချက်ချင်း သွားချင်ပေမဲ့ ကျွန်မ အချိန်ဆွဲထားလိုက်တယ်။ ဟိုလိုလို ဒီလိုလို အကြောင်းပြပြီး ကျွန်မရဲ့ အဖိုးတန် ပစ္စည်းတချို့ သိမ်းလိုက်ဦးမယ်လို့ ပြောလိုက်တယ်။ သူ့ကို အခန်းအပြင်မှာ တစ်ကနေ တစ်ရာအတွင်း ရေပြီး စောင့်နေလို့ ပြောလိုက်ပါတယ်။

သူ အခန်းအပြင် ထွက်သွားတော့ ကျွန်မ လိုအပ်တဲ့ ပစ္စည်း ပစ္စယတွေကို ထုတ်လိုက်တယ်။ ကျွန်မ ငှားထားတဲ့ မီးဖို သေးသေးလေးကို ပြင်ဆင်လိုက်တယ်။ နို့ချို အနည်းငယ်ကို ကျွန်မ ကျိုပါတယ်။ အစိမ်းရယ်၊ အညိုရောင်ရယ်နဲ့ လုပ်ထားတဲ့ လင်းနို့ရဲ့ ပုံရိပ်ကို ကျွန်မ ထုတ်လိုက်တယ်။ ပရက်စ် ပေးထားတဲ့ သူ့ရဲ့ ဆံပင်မွေး နည်းနည်းကိုလည်း ထုတ်လိုက်ပါတယ်။ မီးကို စ မှုတ်လိုက်ပြီး ကျွန်မအတွက် ဘာ အဓိပ္ပာယ်မှ မရှိတဲ့ ဂါထာကို ကျွန်မ စ ရွတ်ပါတယ်။

*'မီးမှုတ်... အလစ်ဖ်၊ ကာဆီ၊ ဇာဇီ၊ ရိုက်၊ မယ်လ်၊ မယ်လ်တက်...*

*မီးမှုတ်... အလစ်ဖ်၊ ကာဆီ၊ ဇာဇီ၊ ရိုက်၊ မယ်လ်၊ မယ်လ်တက်...*

*မီးမှုတ်... အလစ်ဖ်၊ ကာဆီ၊ ဇာဇီ၊ ရိုက်၊ မယ်လ်၊ မယ်လ်တက်...'*

အခန်း အပြင်မှာတော့ လင်းနို့ နံပါတ် ရေနေတာ ၇၀ ထိ ရောက်နေပြီ။ ကျွန်မ သူ့ပုံကို ဘေးဖယ်ပြီး ပရိတ်ရွတ်ထားတဲ့ ပင်အပ်နဲ့ အပ်အသစ် ရာပေါင်းများစွာကို ဒယ်အိုးထဲ ထည့်လိုက်တယ်။ ရေတွက်နေတာ ၈၀ ထိ ရောက်သွားပါပြီ။ ကျွန်မ ဂါထာကို ထပ်ရွတ်တယ်။ သူ့ပုံရိပ်ကို ဆူပွက်နေတဲ့ အရည်ထဲ နှစ်လိုက်တယ်။ ကျွန်မ စောင့်နေလိုက်တယ်။

လင်းနို့ဟာ တစ်ရာအထိ ရေပြီးသွားပါပြီ။ ဒါပေမဲ့ ကျွန်မ မကြောက်ပါဘူး။ ပရက်စ် ပြောထားတဲ့အတိုင်း သူ့ပုံရိပ်ဟာ ဖျော့တော့ အားနည်းသွားပါပြီ။ အဲဒီနောက်တော့ လင်းနို့ဟာ ပွက်ပွက်ဆူနေတဲ့ ရေခိုးရေငွေ့တွေ ကြားထဲ ပျောက်ကွယ်သွားပါတယ်။ ကျွန်မ ဘာဆက်လုပ်ရမလဲ ဆိုတာ ဘုရားပဲ သိပါတော့မယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အဲဒီညမှာ အိပ်မက်ထဲကို ပရက်စ် ထပ်ရောက်လာပြီး လင်းနို့နဲ့ သူ့မိသားစုဟာ ကျွန်မကို နောက်နောင် ဘယ်တော့မှ နှောင့်ယှက်နိုင်တော့မှာ မဟုတ်ကြောင်း ပြောပါတယ်။ သူကိုယ်တိုင်ကလည်း အခုလို အဖြစ်အပျက်မျိုးတွေ နောက်နောင် ထပ်မဖြစ်အောင် လူသားတွေနဲ့ ဝေးရာဆီ သူ့မိသားစုကို ခေါ်သွားမယ့်အကြောင်း ပြောပါတယ်။ ကျွန်မတို့ မိသားစုကို ကယ်တင်နိုင်အောင် ရန်သူကိုချေမှုန်းနိုင်တဲ့ ဂါထာပါတဲ့ စာအုပ်ကို စောစောစီးစီး မတွေ့ခဲ့တာ သိပ်ဆိုးတာပဲလို့ သူက ပြောပါတယ်။ ကျွန်မရဲ့မိသားစုဝင်တွေကို ကျွန်မ ပြန်မခေါ်နိုင်တော့ဘူးလို့ သူက ထပ်ပြောပြီး ကျွန်မဟာ ကောင်းမွန်တဲ့ ကိုယ်ပိုင်ဘဝကို တည်ဆောက်နိုင်ပါလိမ့်မယ်လို့ ပြောခဲ့ပါတယ်။ သူ ကျွန်မကို နှင်းအပ်ခဲ့တဲ့ ကံကြမ္မာကောင်းကြောင့် ကျွန်မရဲ့ကျန်ရှိနေတဲ့ ဘဝ တစ်လျှောက်လုံးမှာ ရုပ်ဝတ္ထုပစ္စည်း လိုအပ်ချက် ဘယ်သောအခါမှ ရှိတော့မှာ မဟုတ်ပါဘူး။

ကျွန်မတို့ နောက်ဘယ်တော့မှ တွေ့တော့မှာ မဟုတ်ဘူး ဆိုတဲ့အသိနဲ့ နတ်သူငယ် အဘိုးအိုကို ကျွန်မ နမ်းလိုက်ပါတယ်။ ကျွန်မရဲ့ နောက်ဆုံး မိသားစုဝင် ထွက်ခွာသွားသလို သူ ဖြည်းဖြည်း ပျောက်ကွယ်သွားတာကို ကျွန်မ ကြည့်နေခဲ့ပါတယ်။

ကျွန်မ အိပ်ရာကနေ နိုးလာတော့ ကျွန်မ စာရေးစားပွဲဆီကို သွားတယ်။ အဖြစ်အပျက်တွေ အားလုံး စတင်ခဲ့တာကို အမှတ်ရရင်း ကျွန်မ သင်္ချာ သင်ခန်းစာတွေကို လေ့လာပါတော့တယ်။

**မိုးသက်ဟန်**

*[ Maria Aleah G. Taboclaon ၏ The Little People ကို ဘာသာပြန်သည်။]*

●

mgyoe.com